


# မိုးကုတ်ပိဋကတ်တိုက်ကျောင်းတော်

## အလှူရေစက်ချအခမ်းအနား

## အထိမ်းအမှတ်

၁-၁-၂၀၀၅

မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော

# ဒုက္ခနဲ့သုခ လဲယူတဲ့ပွဲ

(၂၅၅)

ဟောကြားသည့်နေ့

၂၂-၁၁-၆၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ဒုက္ခနဲ့သုခလဲယူတဲ့ပွဲ

ဟောကြားသည့်နေ့
(၂၂-၁၁-၆၁)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# ဒုက္ခနဲ့သုခလဲယူတဲ့ပွဲ

ဟောကြားသည့်နေ့ ( ၂၂-၁၁-၆၁ )

ဦးသန်းမောင် ကိစ္စလို့မအောက်မေ့ကြပါနဲ့၊ ကိုယ်သိဖို့ရာကိစ္စ၊ကိုယ်ပါသာစုအနုမောဒနာခေါ်နိုင် တဲ့ကိစ္စလို့မှတ်ပြီး သကာလဒီရေစက်ချတရားပွဲမှာ နားထောင်ကြရမယ်နော်. . . (တင်ပါဘုရား)။

ဦးသန်းမောင် ကိစ္စလို့မယူနဲ့ကိုယ့်ကိစ္စ၊ ကိုယ်လည်း ဒီဥစ္စာခမ္မ မိတ်ဆွေချင်းဖြစ်သောကြောင့် သူလည်းအမျှဝေမှာပဲ၊အမျှဝေတော့တစ်ဝက်ရတာပဲ၊ သူတစ်သိန်းကုန်လျှင် ခင်ဗျားတို့ ငါးသောင်းတော့ရပါတယ်. . . (မှန်ပါဘုရား)။

## အမျှဝေတာ၊သတိပေးချင်ပါတယ်

အဲဒါကြောင့် အမျှပေးမယ့် ဘုန်းကြီးတို့ကသတိပေးချင်တယ်၊ နွားသတ်အမျှပေးတဲ့ အမျှမျိုးကျတော့လည်း ဦးသန်းမောင်အလကားပဲ. . . (မှန်လှပါဘုရား)၊ အယူမှားနေတာ . . . (တင်ပါ)။

နွားသတ်ပြီးအမျှပေးတဲ့အယူတွေကချစ်လှစွာ သောနွားလေးကိုသတ်တယ်အမျှသာယူကြပေတော့သူတို့ကလည်း လုပ်သေးဟာပဲ. . . (မှန်ပါဘုရား)၊ ဒီအမျှမျိုးကျတော့ ခင်ဗျားတို့ယူရဲပါ့မလား. . . (မယူရဲပါဘူးဘုရား)၊ သာဓုခေါ်တဲ့ သူဟာထက်ဝက်ရသွားမှာပဲ(တင်ပါဘုရား)၊သူက တစ်ချက်လှီး ကိုယ်ကတစ်ချက်လှီးထဲကပဲလည်ကို. . . (တင်ပါ)။

တစ်ခါစဉ်းစားပြန်တော့ ဦးသန်းမောင်တို့က လူချမ်း သာ၊ နတ်ချမ်းသာလိုချင်တဲ့အလှူကြီးလှူပြီး မင်းတို့လည်း တစ်ဝက်ယူကြမင်းတို့လည်း လူချမ်းသာ၊ နတ်ချမ်းသာ ကုသိုလ်အဖို့ကို တို့ပြုသလိုရစေဆိုတော့ သူကဒုက္ခဝေလိုက်တာနဲ့ တူပြန်ရော. . . (တင်ပါ)၊ ဒါကိုလည်း ဉာဏ်လှည့်ရမယ်. . . (တင်ပါ)။

## အမှားတွေပုံနေတာ

အမျှယူတော်မူကြပါ ခင်ဗျာဆိုတော့ ကျုပ်ဒုက္ခ တစ်ဝက်စီ ယူကြပါဗျာ၊ကြုံရင်လည်းရောက်တတ်တယ်။ အဓိပ္ပါယ်က အင်မတန် စိုးရိမ်စရာကောင်းပါတယ်။ ချီးမြှောက်ပြီး

ဒီဒကာရင်းဆရာရင်းတွေမို့ ပြောတယ်လို့ မယူကြနဲ့အမှားတွေက ပုံနေတယ်. . . (တင်ပါဘုရား)၊ မပုံဘူးလား. . . (ပုံပါတယ် ဘုရား)။

အဲဒီအမှားတွေပုံနေတာကိုလည်း ဒီဆရာရင်းသမားရင်း ကသြော်. . . အဟုတ်ကြီးပြင်ပြီဆိုတာကို ယနေ့ညဆုံးဖြတ်ချက် ချ. . . (မှန်လှပါဘုရား)၊ အဟုတ်ပြင်ပေးနေတယ်။

## ကုသိုလ်ကိုအမျှယူကြပါ

ဥပမာ ဦးသန်းမောင်က မသိခင်တုန်းက ဘုံဘ၀ တွေ ဆုတောင်းပြီးသကာလ လူပြည်နတ်ပြည် အကြိမ်ကြိမ် ခံစားရတဲ့ ကုသိုလ်ကြီးဖြစ်ရပါလို၏ ဆိုတော့ လူပြည်နတ်ပြည် အကြိမ်ကြိမ်ဒုက္ခကြီးရရပါလို၏ဆိုတဲ့ အဓိပ္ပါယ်ကပါသွား တယ်. . . (မှန်လှပါဘုရား)။

ပါသွားတာကို တရားပွဲရေစက်ချချီးမြှောက်တဲ့ အခါကျတော့အမျှယူကြပါလို့ဆိုတော့ ကျွန်တော်ကုသိုလ် အမျှယူကြပါဆိုတော့ ကုသိုလ်ဟော့မျှရတာတော့ မှန်ပါ တယ်တဲ့ ဘုရား ကလည်းပေးကောင်းပါတယ်ဟောပါတယ်။ ပေးတဲ့ပုဂ္ဂိုလ်လည်းမလျော့ဘူးလို့လည်းဟောပါတယ်။

## ဝဋ်ထဲလည်တဲ့ကုသိုလ်

သို့သော်သူ့ကုသိုလ်ကဝဋ်ကုသိုလ်ကြီးဖြစ်နေတယ်။ ဝဋ်ထဲလည်တဲ့ကုသိုလ်ကြီးဖြစ်နေတယ်. . . (တင်ပါ)။

အဲဒါကြောင့်ဒီအမျှမျိုးကို အတော်ကလေး သတိထားရတယ်လို့အောက်မေ့လိုက်. . . (မှန်ပါ)၊ အတော်ကလေးသတိထားရတယ်လို့အောက်မေ့ရမယ် ဒါတွေးလုံးနဲ့အမှန်ကိုစဉ်းစားမှနော်. . . (မှန်လှပါဘုရား)။

အမှန်ကိုစဉ်းစားမှသာလျှင် ဒီဥစ္စာအမှန်ရောက်တယ်လို့မှတ်ရမယ်. . . (မှန်လှပါဘုရား)။ ဒါကြဲလို့ဆိုရင် လည်းဦးသန်းမောင်ကဘုန်းကြီးကြဲလုံးပဲ မမွသဘောနဲ့ တစ်ခါ စဉ်းစားလိုက်ပြန်တော့လည်း ဒီအမျှဟာတော်တော်ဆိုးတဲ့ အမျှ. . . (မှန်လှပါဘုရား)။

## ကုသိုလ်တင်သာခေါ်မယ်

သူကဝဋ်တောင့်တပြီးလုပ်တော့၊ ကျုပ်ဝဋ်တောင့်တတဲ့အမျှမျိုးကို ခင်ဗျားတို့လည်း တစ်ဝက်ယူကြပါတော့ဆိုတော့ကိုယ်ဝဋ်ရဦးတော့ မလိုလိုဖြစ်နေတာ၊ မယူတတ်တဲ့ ပုဂ္ဂိုလ်မှာ၊ ယူတတ်တဲ့ပုဂ္ဂိုလ် ကုသိုလ်တင်အမျှယူမယ်ဟော့-သူတောင်းတဲ့ဆုတော့တို့မလိုက်ဘူး. . . (တင်ပါ)၊ဒီလိုခွဲယူတဲ့ ပုဂ္ဂိုလ်ကလည်း အတော်ရှားလိမ့်မယ်. . . (မှန်ပါဘုရား)၊ ခွဲယူတဲ့

လူရှားမလား မရှားမလား. . . (ရှားပါတယ်ဘုရား)၊ ရှိကို မရှိဘူး. . . (မှန်ပါ)၊ တိုတိုပြောကြပါစို့-ရှိကိုမရှိဘူး. . . (အခု ပြောမှကြားဖူးတာ ပါဘုရား)။

အခုပြောမှကြားဖူးတာတဲ့ ခွဲယူမယ်လို့ကို မလာဘူး၊ အင်း. . . သူပြုတဲ့ကုသိုလ်ကတော့ ဝင်ကုသိုလ်ပဲ၊ တို့ကတော့ ဖြင့် ကုသိုလ်ပြုတာကို ဝမ်းမြောက်တဲ့ သဘောနဲ့ သူ့ကုသိုလ် ကိုတို့အတွက်မယူဘူး တို့ကြိုက်တာနဲ့တို့ကုသိုလ်ပြုတာလေး မျှပဲသာမုခေါ်တယ်။သူ့ဆုတောင်းတော့ မယူဘူးလို့လာတဲ့ ပုဂ္ဂိုလ်ကရှားမှရှားတယ်. . . (မှန်ပါ)။

## သူ့ဆုတောင်းတော့မယူဘူး

ကုသိုလ်ပြုတာတော့ အမျှယူမယ်၊ သူ့ဆုတောင်း တော့မယူဘူးလို့ ဒီလိုခွဲတတ်တဲ့ပုဂ္ဂိုလ်ကလည်းရှားလိမ့်မယ် ရမ်းခေါ်လိုက်တာကများလိမ့်မယ်. . . . (မှန်ပါ)၊ဆိုတော့ ဒါဦးသန်းမောင်တို့၊ ဦးသံဒိုင်တို့ မောင်သစ်တို့ ကစဉ်းစား ရမယ် ပြော်. . . ဒီဥစ္စာတွေးစရာ တစ်ချက်ပါလားဆိုတာပေါ်လာ တယ်. . . (မှန်ပါဘုရား)။

အဲဒါတွေထိုးထိုးထွင်းထွင်း သိရတဲ့အတွက် ဦးသန်းမောင် သဘောပါလိုက်ကဲ့လား၊အခုစကားဟာ. . . (ပါပါတယ်ဘုရား)။ ခင်ဗျားကဝင်တောင့်တပြီးလှူလိုက်တယ်၊ ဝင်လည်ဖို့ ဒါတွေ

ကျုပ်ကုသိုလ်တွေပဲ ကျုပ်တောင်း ထားတဲ့ဆုရော၊ ကျုပ်ကုသိုလ် ရောခင်ဗျားတို့အကုန်အမျှယူကြပါဆို တော့တိုလူတွေပါဝင် လည်ချင်လည်သွားမယ် . . . (တင်ပါဘုရား)။

ဒီလိုမလည်ချင်လို့ရှိရင်လည်း ကုသိုလ်အမျှတော့ ယူပါ၏။ သူဝင်တောင့်တတာတော့ ကျုပ်တို့မကြိုက်ပါဘူး ဆိုတဲ့ လူကလည်း အတော်သိမှ. . . (မှန်ပါ)၊ အတော်သိမှ၊ဒါကလည်း ဘုန်းကြီးတို့ဆီဆည်းကပ်ဖူးဦးမှ. . . (တင်ပါ)၊ မဆည်းကပ်ဖူးတဲ့ သူဆိုရင် ရမ်းခေါ်မှန်းခေါ် . . . (မှန်ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဆရာကောင်းတပည့်ဖြစ်ပါပြီ

ဒါဖြင့်ကြောက်စရာကောင်းမကောင်း. . . (ကောင်း ပါတယ်ဘုရား)၊ ကြောက်စရာ အင်မတန်ကောင်းတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးကိုလည်း ဦးသန်းမောင်က စဉ်းစားရမယ် . . . (တင်ပါ)၊ အဲတော့ယနေ့ကစပြီး ငါဆရာကောင်း တပည့်ဖြစ်ပြီ၊ သူတော်ကောင်းအစစ်ဖြစ်ပြီ၊ ဝဋ်ဆိုတာလည်း လုံးနေတာလည်း လုံးနေတာ၊ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီး လည်နေတာ။

ဒုက္ခနဲ့သမုဒယ လှည့်နေတာ၊ သမုဒယနဲ့ဒုက္ခ လှည့်နေ တာဒါကိုတော့ဖြင့် ငါမကြိုက်ပါဘူး. . . (မှန်ပါ)၊ ဒီဝဋ်ကျွတ်တဲ့ အလုပ်သာဝဋ်ကျွတ်တဲ့နိဗ္ဗာန်တစ်ခုသာလျှင် (ငါ)ဒုက္ခချုပ်တဲ့

နိဗ္ဗာန်တစ်ခုသာလျှင်(ဝါ)ကိလေသာသိမ်းတဲ့ နိဗ္ဗာန်တစ်ခုကိုသာ လျှင် ရည်မှန်းပြီးသကာလ လှူဒါန်းပါ၏ ဆိုတဲ့ဥစ္စာကိုတော့ဖြင့် ဦးသန်းမောင်ဘယ်အခါမှ မဖျောက်ပါနဲ့ဆိုတာအသတိပေး လိုက်ပါတယ်. . . (မှန်ပါ)။

## နိဗ္ဗာန်ရည်မှန်းပြီး လှူဒါန်းပါ၏

ဘယ်အခါမှ မဖျောက်ပါနဲ့. . . (မဖျောက်ပါဘူး ဘုရား)၊ မယောင်ကြပါနဲ့တဲ့ ယောင်ရင်ခင်ဗျားတို့ဝမ်းထဲ နဂိုကတဏှာ ကိန်းနေရတဲ့ အထဲဟိုမြှောက်တဲ့လူက တဏှာ နဲ့မြှောက်လိုက်တဲ့ အခါ လူချမ်းသာနတ်ချမ်းသာ၊ ဗြဟ္မာ ချမ်းသာ ဦးသံဒိုင်တဏှာ နဲ့မြှောက်လိုက်တော့ ကိုယ်ကလည်းတဏှာကမချုပ်သေးတော့ ချမ်းသာဆိုတာနဲ့ရမ်းကြိုက်တာ. . . (မှန်ပါဘုရား)။

ချမ်းသာဆိုတာနဲ့ ရမ်းကြိုက်ပစ်လိုက်တော့ကို သစ္စာ ဉာဏ်နဲ့ကြည့်လိုက်တော့ ချမ်းသာကတစ်ကွက်မှမပါ ဆိုတော့ ခင်ဗျားတို့ဟာသူများပါးစပ်ကိုလမ်းဆုံးတာ ဘယ်အခါကာလမှ ဒီကရွေ့ကိုပေ့ါဗျာ. . . (မှန်ပါ)၊သူများပါးစပ်ဖြင့်လမ်းဆုံးလိုက်ပါနဲ့ ဆိုတာဆရာဘုန်းကြီးကမေတ္တာရပ်တယ်. . . (မှန်လှပါဘုရား)။

## ပါးစပ်ကသုံးမျိုးရှိတယ်

သူများပါးစပ်လမ်းဆုံးတာ သိပ်ကြောက်စရာကောင်းတယ်. . . (မှန်ပါဘုရား)၊ ပါးစပ်ကအမျိုးမျိုးရှိတယ်။ ၁။အောက်တန်းလောက်နားလည်တဲ့ပါးစပ်၊ ၂။ အလယ်တန်းလောက်နားလည်တဲ့ပါးစပ်၊ ၃။အဆုံးထိ အောင်နားလည်တဲ့ပါးစပ်လို့၊ ဦးသံဒိုင်သုံးမျိုးခွဲရမယ်. . . (မှန်ပါ)၊ မခွဲသင့်ဘူးလား. . . (ခွဲသင့်ပါတယ်ဘုရား)၊ အောက်တန်းတွင်နားလည်နေတဲ့ပုဂ္ဂိုလ်၊ကိုယ်ကလမ်းဆုံး နေပြန်လို့ရှိရင်အောက်တန်း ပါးစပ်မှာလမ်းဆုံးတဲ့အတွက် တစ်ခါတည်းဒုက္ခရောက်သွားတယ်. . . (မှန်လှပါဘုရား)။

အလယ်တန်းတွင်နားလည် တဲ့ပုဂ္ဂိုလ်ဆရာနဲ့ တွေ့လို့ အလယ်တန်းတွင် ခင်ဗျားတို့က သူများပါးစပ်လမ်းဆုံးနေပြန်တယ်။ အလယ်တန်းပြောတဲ့ဆရာတွင်လမ်းဆုံး နေရင်လည်း ဒါဟာအလယ်တန်းသုဂတိနဲ့ပဲခင်ဗျားတို့ အချိန်ကုန်သွားမယ်. . . (မှန်လှပါဘုရား)။

အထက်တန်းကိုနားလည်တဲ့ ပုဂ္ဂိုလ်ဆရာသမားတို့ ကိုးကွယ်ဆည်းကပ်လို့ ဆရာသမားပြောတာကို လိုက်နာတဲ့ ပုဂ္ဂိုလ်မှန်ပြန်လို့ရှိရင်လည်း လမ်းဆုံးသွားတယ်. . . (မှန်ပါ)၊ ဒုက္ခလမ်းဆုံးသွားတယ်. . . (မှန်ပါ)။

## ရေစက်မချေင်မှာတမ်း

အဲတော့ကို ဆရာရွေးရမယ်ဆိုတဲ့ အစိပ္ပါယ်ဒီမှာ ပါသွားပြီ. . . (မှန်လှပါဘုရား)၊ မပါသေးဘူးလား . . . (ပါ ပါတယ်ဘုရား)၊ ပါသွားပြီတဲ့ ဒီဥစ္စာက ရေစက်မချခင် မှာတမ်းလို့ မှတ်ပါ. . . (မှန်ပါ)၊ ဩော်. . . သိပ်အရေးကြီးပါတယ်။

## မိတ်ဆွေဘုရင်နှစ်ပါး

ဘုန်းကြီးတစ်ခုပြောပြမယ် ရာဟုလာ ရှင်ဘုရင်ဖြစ်စဉ် အခါတုန်းကရှင်ဘုရင် သူနဲ့သိပ်ခင်တဲ့ ရှင်ဘုရင်တစ်ယောက် အားလုံးရှင်ဘုရင်နှစ်ယောက်ရှိတယ်၊ ကောင်းကင်ပျံပြီးမြေလျှိုး နိုင်တဲ့ ရသေ့နှစ်ယောက်ကသူတို့ တိုင်းပြည်ကိုဆွမ်းခံလာ တယ်. . . (မှန်ပါ)၊ သူတို့တိုင်းပြည် ကိုဆွမ်းခံလာတယ်။

## ရသေ့နှစ်ပါး

ဩော်. . . ကောင်းကင်ပျံမြေလျှိုးတယ်ဆိုလို့ ရှိရင်ဖြင့် သူတို့ဟာအမှန်သိ၊ တကယ်သိ၊ သိတဲ့ပုဂ္ဂိုလ်တွေမို့ ဒီအဖြစ် ရောက်တာပဲလို့ရာဟုလာရှင်ဘုရင်ကအောက်မေ့တယ်၊အောက်မေ့ ပြီးသကာလနေတော့ နေ့လယ်ကျတော့ ရသေ့တစ်ယောက်က သူကလောကီတန်ခိုးနဲ့၊ ဈာန်တန်ခိုးနဲ့တာဝတိံသာသွားသွားပြီး နေပါတယ်။ နေ့လယ်မှာ သွားပြီးအနားယူတယ်။

တစ်ယောက်သောရသေ့က နဂါးပြည်သွားပြီး အနားယူတယ်. . . (မှန်ပါ)၊ ဒါနဲ့ ရာဟုလာ ကမေးတယ်၊ အရှင်ဘုရား နေ့လယ်ပျောက်နေတာဘာတုံးဘုရား အို. . . ရေမြေအစိုးရတဲ့ နဂါးမင်းကြီးဆီသွားပြီးတော့ နေ့လယ် အနားယူပါတယ်။

## နဂါးပြည်သွားတဲ့ရသေ့

နဂါးမင်းအကြောင်း ပြောစမ်းပါဦးဘုရား၊ အို. . . စိန်တွေ၊ ရွှေတွေ၊ မြတွေ အင်မတန်ချမ်းသာတယ်၊ ချမ်းသာတာဖြင့် ထန်ကုန်ရော၊ ဒီတင် ဆရာကလည်းကောင်းကင်ပျံ မြေလျှိုးဖြစ်တော့ လောကီလောကုတ္တရာက မခွဲတတ်တော့ လောကီဆရာ ပြောတာနားထောင်ပြီး ငါသေရင် ဒီနဂါးဖြစ်ရပါလို၏. . . (မှန်ပါ)၊ ကဲ. . . ငါသေလို့ရှိရင် ရေမြေအစိုး ရတဲ့နဂါးဖြစ်ရပါလို၏ ဆိုသေတော့နဂါးကိုသွားဖြစ်တာ၊ ရာဟုလာတဲ့. . . (တင်ပါ)။

## သိကြားမင်းနဲ့နဂါးမင်း

သူများပါးစပ်လမ်းဆုံးလို့ . . . (မှန်လှပါ)၊ ဘာဖြစ်လို့လမ်းဆုံးတုံးဆိုတော့ကိုယ်ကလည်းလောကီလောကုတ္တရာ မကွဲလို့. . . (တင်ပါ)၊ ဒါလောကီဈာန်ကြောင့်ရနေတာ. . . (မှန်ပါ)၊ ကောင်းကင်ပျံမြေလျှိုး၊ သစ္စာဉာဏ်သူ့မှာ မပါဘူးတဲ့ ဒီတော့မခွဲတတ်ဘူး. . . (မှန်ပါ)၊ မခွဲတတ်တော့ သေတော့

နဂါးသွားဖြစ်တယ်. . . (မှန်ပါ)၊ တစ်ယောက်သော ရှင်ဘုရင်ကတော့ သိကြားသွားဖြစ်တယ်။

နောက်ကျတော့ သိကြားဆီလာပြီး နဂါးတွေက ခစားကြရတဲ့ အခါကျတော့ အဲဒီကျတော့မှ မင်းပျော်ရဲ့လား ငါ့မိတ်ဆွေသိကြားဖြစ်တဲ့ရှင်ဘုရင်က နဂါးဖြစ်တဲ့ရှင်ဘုရင် သွားမေးတယ်၊ ဘယ်. . . ဖားစိမ်းစား၊ ငါးစိမ်းစားသွား ဖြစ်တာဘယ်ပျော်လိမ့်မတုံးတဲ့. . . ဒီကျမှ မှားမှန်းသိတယ်၊ ဆရာမှားလိုက်တာ. . . (မှန်လှပါဘုရား)၊ကြောက်စရာ မကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)၊ရှင်းကြ ပလား. . . (ရှင်းပါပြီဘုရား)၊ သူများပါးစပ်လမ်ဆုံးလိုက်တာ. . . (တင်ပါ)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## သူများပါးစပ်လမ်းမဆုံးနဲ့

ဘယ်လမ်းဆုံးလို့တုံး. . . (သူများပါးစပ်လမ်းဆုံး လို့ပါဘုရား)၊အဲ့ဒါကြောင့်သူများပါးစပ်ကိုလမ်းမဆုံးဘဲနဲ့ဘုန်းကြီးကအခုအတည့်အလင်း ဒကာရင်း ဆရာရင်းတွေပြောတာ၊ ခန္ဓာပြောတာနားလည်အောင်လုပ်စမ်းပါဆိုတဲ့ စကားဟာပြောထိုက် မပြောထိုက်. . . (ပြောထိုက်ပါတယ်ဘုရား)။

ခန္ဓာကတော့ကြွမယ်၊စောင်းမယ်၊ နာမယ်၊ ကျဉ်မယ်၊ ကိုက်ခဲမယ်၊အိုမယ် နာမယ် သေမယ်၊ အဲဒီလိုပြောတယ်. . . (မှန်လှပါဘုရား)၊ ဩော်. . . ဘာဖြစ်ဖြစ် ခန္ဓာဖြစ်ရင်ဒုက္ခ

သစ္စာပဲ. . . (မှန်ပါ)၊ ဆိုတော့ ခန္ဓာက ပြောတာကို ဒုက္ခသစ္စာလို့ အမှန်သိသွားတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီဒုက္ခမှ ချုပ်တဲ့ ဆီရောက်ရပါလို၏၊ ဒီဒုက္ခ ၏သိမ်းရာရောက်ရပါလို၏၊ ဒီဒုက္ခ၏ငြိမ်းရာရောက်ရပါလို၏ဆိုတော့ သူများပြောလား ခန္ဓာကပြောတာသား. . . (ခန္ဓာကပြောတာပါဘုရား)။

## ခန္ဓာကဘာပြောလေ့ရှိတုံး

ခန္ဓာကပြောတာကို၊ ခန္ဓာကဘာပြောလေ့ရှိတုံး ဆိုတော့ ကျုပ်ဟာဒုက္ခသစ္စာပါ. . . (မှန်ပါ)၊ ဒု-ကစက် ဆုပ်စရာ၊ ခ-က အသုံးမကျတာ၊ သစ္စာက-မှန်တာ. . . (တင်ပါ)၊ ဒု-ခသစ္စာလို့ မှတ်လိုက်စမ်းပါ. . . (တင်ပါ)။

ဒု-က စက်ဆုပ်စရာ၊ ခ-က အသုံးမကျတာ၊ သစ္စာက မှန်တာစက်ဆုပ်စရာအသုံးမကျတာအမှန်. . . (မှန်ပါဘုရား)၊ နာမည်ကိုပေါင်းယူလိုက်တော့ . . . (မှန်ပါဘုရား)၊ ဒုက္ခသစ္စာ ဆိုတာ ခင်ဗျားတို့က ပေါ့ပေါ့လေး အောက်မေ့နေတယ်. . . (မှန်ပါ)။

## ဘယ်ခန္ဓာရရ ဒုက္ခသစ္စာ

ဒုက္ခသစ္စာဆိုတာဒီခန္ဓာငါးပါး ဘယ်ခန္ဓာရရစက်ကုပ် စရာအသုံးမကျတာအမှန်၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)၊ ဘာတဲ့တုံး . . . (စက်ဆုပ်စရာအသုံးမကျတာ အမှန်ပါဘုရား)။

ဒါဖြင့်စက်ဆုပ်စရာအသုံးမကျတာ အမှန်ကို ဘုန်းကြီးတို့ ခန္ဓာဘုန်းကြီးတို့ပြန်ကြည့်၊ ဦးသန်းမောင် ခန္ဓာဦးသန်းမောင် ပြန်ကြည့်တဲ့အခါကျတော့ ဝမ်းထဲမှာ ဘာရှိတုံးဆိုတော့ ကျင်ကြီး ကျင်ငယ်အပြည့်ရှိတယ်. . . (မှန်ပါ)၊ သွေး၊သလိပ်အပြည့်ရှိ တယ်၊ တိုတိုပြောပါတော့ အသုဘအပြည့်ရှိတယ်. . . (မှန်လှ ပါဘုရား)၊ စက်ဆုပ်စရာပေါပြီ. . . (တင်ပါ)။

ဒီခန္ဓာကိုယ်ကြီးကိုလေလံပစ်ကြည့်စမ်းပါဘယ်သူကများ ဆွဲမလဲလို့. . . (မဆွဲပါဘူးဘုရား)၊ အသုံးမကျဘူး. . . (တင်ပါ)၊ မှန်မှမှန်ရဲ့လားလို့ တွေးမနေပါနဲ့တဲ့၊ မှန်လွန်းလို့ကို ဘယ်သူမှ အနားမကပ်ပါဘူး. . . (တင်ပါ)၊ကပ်ကြသေးလား. . . (မကပ်ပါဘူးဘုရား)။

ချစ်ပါတယ်၊ ခင်ပါတယ်၊ ကြင်နာပါတယ်လို့ ခင်ဗျား တို့ကသားမယားများက ပြောတဲ့လောကွတ်ကို အယုံအကြည် မရှိပါနဲ့. . . (မှန်လှပါဘုရား)၊သူကနဂိုကိုက စက်ဆုပ်စရာအသုံး မကျတာအမှန်မို့ စက်ဆုပ်စရာအသုံးမကျတာ အမှန်ပဲပြတယ်။ ဒိပြင်ဘာပြစရာရှိသေးတုံး . . . (မရှိပါ ဘုရား)။

## ဒုက္ခသစ္စာကို ရှင်းရှင်းလင်းလင်းမှတ်ပါ

အဲဒါကြောင့်၊ ဒုက္ခသစ္စာကို ယနေ့ရှင်းရှင်းလင်းလင်း မှတ်ပါ. . . (မှန်လှပါဘုရား)၊ ဒု-ကစက်ဆုပ်စရာ၊ ခ-က . . . (အသုံးမကျတာပါဘုရား)၊ သစ္စာက. . . (မှန်တာပါဘုရား)၊ ဒါဖြင့်ခန္ဓာရတဲ့ ပုဂ္ဂိုလ်ဟာစက်ဆုပ်စရာ အသုံး မကျတာအမှန်ကိုရတာ. . . (မှန်ပါဘုရား)၊ ဘုရားက တစ်လုံးစီ ဟောတာ. . . (တင်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့်ခန္ဓာဆုတောင်းတဲ့ပုဂ္ဂိုလ်ဖြင့် စက်ဆုပ်စရာအသုံး မကျတာအမှန်ကို ရရပါလို၏၊ ဘယ်လောက်နစ်နာသွား တုံး. . . (နစ်နာပါတယ်ဘုရား)၊စက်ဆုပ်စရာ အသုံးမကျတာ အမှန်ကို ရရပါလို၏၊ ပါးစပ်တောင်မထွက်ရဲ တော့ဘူး၊ ထွက်ရဲ သေးရဲ့လား. . . (မထွက်ရဲပါဘုရား)၊ တစ်ပုဒ်စီဝေဖန်လိုက် တော့လေ. . . (မှန်လှပါ)။

အဲဒါကြောင့် ခင်ဗျားတို့ဘုံဘဝ ခန္ဓာကိုယ်ဖြင့် အခုအကြီး အကျယ်လှူဒါန်းပေးကမ်းတဲ့ပွဲကြီးမှာဖြင့် စက်ဆုပ်စရာ အသုံးမကျတာအမှန်ကိုဖြင့် ငါရရပါလို၏လို့ ဘယ်အခါကာလမှ နှုတ်ကရှက်သဖြင့်လည်းကောင်း၊ ကြောက်သဖြင့်လည်းကောင်း မထွက်လိုက်ပါနဲ့. . . (မှန်လှပါဘုရား)၊ ဆိုးလွန်းလို့. . . (မှန်ပါ)၊ ဒါကျောင်းပေါ်မှာပြောတာထက်နက်တယ်လို့အောက်မေ့ပါ . . . (တင်ပါ ဘုရား)။

## စက်ဆုပ်စရာ၊အသုံးမကျတာအမှန်

ဒု-က ဘာတုံး. . . (စက်ဆုပ်စရာပါဘုရား)၊ ခ-က. . . (အသုံးမကျတာပါဘုရား)၊ သစ္စာက. . . (မှန်ပါဘုရား)၊ ပေါင်းလိုက်တော့ဒုက္ခသစ္စာ. . . (မှန်ပါဘုရား)၊ ကဲ. . . ဒုက္ခသစ္စာမြန်မာရှင်းရှင်းပြန်လိုက်တော့ စက်ဆုပ်စရာအသုံးမကျတာအမှန်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲတော့ခန္ဓာငါးပါးဟူသ၍ စက်ဆုပ်စရာအသုံးမကျတာအမှန်နတ်ခန္ဓာ၊ဗြဟ္မာခန္ဓာကော. . . (စက်ဆုပ် စရာအသုံးမကျတာအမှန်ပါဘုရား)၊ စက်ဆုပ်စရာအသုံး မကျတာအမှန်ပဲဆိုတာအခုလိုဆရာရင်းက သေသေချာချာ ပြောလိုက်တော့ အိုး. . . တော်ပြီတန်ပြီကွ၊မသိခင်တုန်းက တောင်းတာတွေဟာလည်းစက်ဆုပ်စရာအသုံးမကျတာ အမှန်ဆိုတဲ့ သစ္စာဉာဏ်မရလို့အရမ်းတောင်းပြီးသကာလ အရမ်းဖြစ်ရတာ. . . (တင်ပါ)

## နိဗ္ဗာန်ကိုသာရချင်ပါတယ်

ယခုတော့ဖြင့် စက်ဆုပ်စရာအသုံးမကျတာ အမှန်ဆိုတာကို ကိုယ့်ဉာဏ်နဲ့သိတဲ့အတွက် ခန္ဓာဟူသ၍ဖြင့်မရချင်ပါဘူး၊ ခန္ဓာဇာတ်သိမ်းငြိမ်းရာ နိဗ္ဗာန်ကိုသာရချင်ပါ တယ်လို့အခုအချိန်ပြောင်းပစ်ပါ. . . (မှန်လှပါဘုရား)။

ဒါဖြင့်တောင်းတဲ့ဆုကကောတဲ့ တောင်းတာ ဘာနဲ့

တောင်းတုံးဆိုတော့သမုဒယသစ္စာနဲ့တောင်းတယ် တောင်းတာဘာတုံးမကောင်းသဖြင့်ဖြစ်စေတာ။ မကောင်းသဖြင့် ဖြစ်စေတာကို သမုဒယ. . . . (မှန်ပါဘုရား)။

မကောင်းသဖြင့်ဖြစ်စေတဲ့တရားအဲဒါပါးစပ်ထဲကတောင်းနေတာ ပါးစပ်ထဲထည့်ပြီးတောင်းနေတာ၊ သမုဒယသစ္စာ။ သူကမကောင်းသဖြင့် ဖြစ်စေတဲ့တရား. . . (မှန်ပါ)၊ အဲဒီတရားနဲ့ ခုနကစက်ဆုပ်စရာအသုံးမကျတာ တောင်းနေတာ. . . (မှန်ပါဘုရား)၊ နာလိုက်တဲ့ဖြစ်ခြင်းမှ၊ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဒုက္ခတွေဟူသ၍နဲ့ သူယှဉ်တယ်၊ ဒုက္ခတွေဟူသ၍ဖြစ်စေတဲ့တရားနဲ့ သူတောင်းနေတယ်. . . (မှန်ပါဘုရား)။

## အတောင်းမကောင်းလို့အရမကောင်း

ကောင်းတဲ့ သစ္စာကကောတဲ့ ကောင်းတောင်းလား မကောင်းတောင်းလား. . . (မကောင်းတောင်းပါဘုရား)၊ ရတော့ကောစက်ဆုပ်စရာအသုံးမကျတာအမှန်ရတယ် . . . (မှန်လှပါဘုရား)၊ ဒါဖြင့်အတောင်းမကောင်းလို့ အရမကောင်းဘူး. . . (မှန်ပါဘုရား)။

သမုဒယသစ္စာနဲ့လုပ်မိလို့ ဒုက္ခသစ္စာရတယ်. . . (မှန်ပါဘုရား)၊တယ်နာပါလား. . . (နာပါတယ်ဘုရား)၊ ကျောင်းမှာ

ဟောတာထက်နက်တယ်လို့အောက်မေ့ပါ . . . (မှန်ပါဘုရား)၊ ဒီရေစက်ချကိုအထူးတလည် ကိုယ်ကျလာလို့ရှိရင် ကိုယ်ကိုယ်တိုင်နှလုံးသွင်းဖို့ သူတစ်ပါးနား ထောင်တာ၊ နားမထောင်တာတော့ဖြင့်လူအတွေလူနတွေက ပေါ်တာပေါ့ဗျာ. . . (မှန်လှပါဘုရား)။

သို့သော်ကိုယ်ကဖြင့်တောင်းတာကိုကပဲသံယောဂဋ၊ ဥဒယကဖြစ်စေတယ်၊ ဘာနဲ့သံယောဂဋဖြစ်စေ တုံးဆိုတော့ အို. . . ဒုက္ခနဲ့သံယောဂဋ၊ ဒုက္ခနဲ့ယှဉ်အောင် ဖြစ်စေတဲ့တရားနဲ့တောင်းလိုက်တာ. . . (မှန်ပါ)၊ ဘာတောင်းသတုံးမေးတော့ စက်ဆုပ်စရာအသုံးမကျတာသွားတောင်းတယ်. . . (တင်ပါ)။

## အဆိုးနဲ့တောင်း၊မကောင်းတာရ

ဒါဖြင့်တောင်းတဲ့တရားကလည်းအဆိုးတရား . . . (မှန်ပါ)၊ ပြည့်လို့ရတဲ့တရားကလည်း. . . (အဆိုးတရားပါဘုရား)၊ ဒါဖြင့်ခင်ဗျားတို့ဟာ အဆိုးနဲ့တောင်းပြီးသကာလ မကောင်းတာရတာ. . . (မှန်ပါ)၊ ဩော်. . . အလှူပွဲထဲ အဆိုးနဲ့တောင်းမကောင်းတာရဆိုတဲ့ဥစ္စာ ဦးသံဒိုင်ကျွမ်းထိုး ပစ်လိုက်ဖို့ကောင်းတယ်. . . (တင်ပါ)၊ ငွေတွေကုန်ပြီးမှ အဆိုးနဲ့တောင်းပြီးမကောင်းတာရတယ်၊ကြောက်စရာ ကောင်းလိုက်တာ. . . (တင်ပါ)။

ဒီနေ့ပြောတဲ့ စကားလုံးလေးတွေကို ဦးသံဒိုင်က သေသေချာချာမှတ်စမ်းပါ. . . (မှန်ပါ)၊ ဦးသန်းမောင်. . . (မှတ်ပါမယ်ဘုရား)၊ကောင်းတာကသမုဒယသစ္စာ၊ ရတာကဒုက္ခသစ္စာ. . . (မှန်လှပါဘုရား)၊ ဒါဖြင့်ဒုက္ခနဲ့ ယှဉ်တွဲတဲ့တရားနဲ့ ကောင်းယူလိုက်တယ်. . . (မှန်လှပါဘုရား)။

ဒုက္ခနဲ့ယှဉ်တွဲတတ်တဲ့ တရားကိုခင်ဗျားတို့က မိတ်ဆွေလုပ်ပစ်လိုက်တယ်. . . (မှန်လှပါ)၊ မိတ်ဆွေလုပ် ပြီးသကာလမင်းပြောပေးစမ်းပါကွာ ငါ့စက်ဆုပ်စရာအသုံး မကျတာရအောင်. . . (မှန်ပါ)၊ဆိုတော့သမုဒယကလည်း မတရားတဲ့ကရား၊ ခင်ဗျားတို့ကို လိမ်လည်ကောက်ကျစ် တဲ့တရား၊လိမ်လည်ကောက်ကျစ်တဲ့တရားကိုခင်ဗျား တို့ကမသိတော့ ခင်ဗျားပဲလိမ်လည်ကောက်ကျစ်ပေးစမ်းပါ၊ ကျုပ်ဒုက္ခရောက်အောင်လို့. . . (မှန်လှပါဘုရား)၊ ကောင်းသေးရဲ့လား. . . (မကောင်းပါဘုရား)။

## သစ္စာဉာဏ်နဲ့နားထောင်ကြပါ

တယ်မဆိုးဘူးလား. . . (ဆိုးပါတယ်ဘုရား)၊အလွန်အလွန်ဆိုးသွားပြီ၊ အဲဒါကြောင့် သမုဒယနဲ့ကောင်းတဲ့ဥစ္စာ ဒုက္ခပဲရမယ်လို့ နိဂုံးချုပ်လိုက်ပါတယ်. . . (မှန်လှပါဘုရား)၊ သမုဒယနဲ့ကောင်းတာ. . . (ဒုက္ခပဲရမှာပါဘုရား)၊ ဒုက္ခပဲရမယ်ဆိုတာဖြင့်ဒါသစ္စာဉာဏ်နဲ့ပြောလိုက်ပြီ၊ သစ္စာဉာဏ်နားနဲ့ထောင်ကြပါ. . .

(မှန်လှပါဘုရား)။

ပြောတာကဘာညဏ်နဲ့ ပြောတုံး. . . (သစ္စာညဏ် နဲ့ ပြောပါတယ်ဘုရား)၊ သစ္စာညဏ်နဲ့ ဟောနေတယ်၊ ခင်ဗျားတို့ ကဘာနားနဲ့ထောင်ရမတုံး. . . (သစ္စာညဏ် နားနဲ့ထောင်ရမှာပါ ဘုရား)၊ သစ္စာနားနဲ့ထောင်ရမယ် . . . (မှန်လှပါဘုရား)၊ ဒါက ဘယ်ဘုရားမှမစွန့်တာ. . . (မှန်လှပါဘုရား)၊ ဘယ်ဘုရားမှ မစွန့်တာလို့သေသေချာချာမှတ်ပါ. . . (တင်ပါ)။

ကောင်းပြီအဲဒီတော့ဘုန်းကြီးက ဩော်. . . ဦးသန်းမောင် တို့သည်ကားလို့ဆိုရင်ဖြင့်အခုပြောတဲ့နှစ်ခုက စွန့်ပစ်ရမည့်နှစ်ခု . . . (မှန်လှပါဘုရား)၊ သံယောဂဌရှိတဲ့၊ ဒုက္ခနဲ့ယှဉ်တွဲမှုကို ဖြစ်စေတတ်တဲ့သမုဒယသစ္စာနဲ့လည်း မတောင်းပါနဲ့. . . (မှန်ပါ ဘုရား)။

ဒုက္ခသစ္စာအကျိုးကြီးကိုလည်း ပွေ့ပိုက်ပြီးမထားချင် ပါနဲ့. . . (မှန်ပါဘုရား)၊ ဒီအတိုင်းပြောရမယ်. . . (မှန်ပါဘုရား)၊ အဲတော့တပည့်တော်ဘာလုပ်ရမှာတုံးလို့ မေးတဲ့အခါကျမှ ကိုင်း ဒါဖြင့်ပြောပါတော့မယ်တဲ့ "အဇရံ ဇရမာနေန တပမာနေန နိဗ္ဗုတိ၊ မိနိယံပရမံဒုက္ခံ ယောဂက္ခေမံ၊ အနုတ္တရံ" ဒီပါဠိတော် အတိုင်းလုပ်ပါ . . . (တင်ပါ)။

## ဆွေးမြေ့အိုမင်းယိုယွင်းတတ်တဲ့ခန္ဓာ

ဒီပါဠိတော်ကဘာပါလိမ့်မတုံး၊ ဆွေးမြေ့အိုမင်းယိုယွင်းတတ်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ဆွေးမြေ့အိုမင်းယိုယွင်းတတ်တဲ့ ခန္ဓာကိုယ်ကြီးက အိုပါသောကြောင့်ဒုက္ခသစ္စာ. . . (မှန်ပါ)။

ဦးသန်းမောင်အခုအချိန်မှအိုပါပြီတဲ့၊ အိုမှသူအလှူပေးတာကို. . . (တင်ပါ)၊ အဲ. . . ဆွေးမြေ့ယိုယွင်း၊ အိုမင်းတတ်တဲ့ ခန္ဓာကြီးနဲ့ မဆွေးမြေ့၊ မယိုယွင်း၊ မအိုမင်းတဲ့နိဗ္ဗာန်ကိုလဲ ယူပါတော့မယ်လို့ ဒီနေ့အလုပ်ကဒါလုပ်လိုက်ပါ. . . (မှန်လှပါဘုရား)။

## မဆွေးမြေ့မအိုမင်းတဲ့နိဗ္ဗာန်

ဆွေးမြေ့ယိုယွင်း၊အိုမင်းတတ်တဲ့ခန္ဓာဒုက္ခသစ္စာကြီးနဲ့ မဆွေးမြေ့၊ မအိုမင်း၊ မယိုယွင်းတဲ့ နိရောဓသစ္စာကြီးနဲ့ တို့လဲယူတဲ့အလုပ်လို့ တန်ဆောင်းတွေရေစက်ချတာ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)၊ ဆွေးမြေ့ယိုယွင်းအိုမင်းတတ်တဲ့ ခန္ဓာကိုယ်ကြီးနှင့် မဆွေးမြေ့မယိုယွင်းမအိုမင်းတဲ့ နိဗ္ဗာန်ကြီးနဲ့တပည့်တော်တို့ လဲယူတာပါဘုရားလို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)၊သဘောကျပလား. . . (ကျပါပြီဘုရား)။

## ကိလေသာမီးလောင်နေတဲ့ခန္ဓာ

ကပမာနေနနိဗ္ဗူတိတဲ့ ခန္ဓာကိုယ်ကြီးက ကိလေသာမီး ဒုက္ခမီးတွေလောင်နေတာ၊ မီးလောင်သွားတဲ့ပစ္စည်းနဲ့၊ မီးလောင်တတ်တဲ့ပစ္စည်းနဲ့ မီး(၁၁)မီးတို့၏ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကြီးနဲ့ တပည့်တော်တို့လဲတဲ့ အလှူပွဲပါဘုရားလို့ မှတ်လိုက်စမ်းပါ. . . (မှန်လှ ပါဘုရား)၊ အဖိုးသိပ်တန်ပြီနော်. . . (တန်ပါတယ်ဘုရား)၊ အဖိုးသိပ်တန်သွားပြီ. . . (တင်ပါ)။

## မီး(၁၁)မီးတို့၏ငြိမ်းရာနိဗ္ဗာန်

ကိလေသာမီး၊ ဒုက္ခမီးနဲ့ ခန္ဓာကိုယ်ကြီးကလောင်နေတယ်. . . (မှန်လှပါဘုရား)၊ အဲဒီလောင်တတ်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ရှာထားတဲ့ပစ္စည်းနဲ့၊ မီး(၁၁)မီးတို့၏ ငြိမ်းရာ သိမ်းရာဖြစ်တဲ့နိဗ္ဗာန်ကြီးနဲ့ တပည့်တော်တို့ လဲလှယ်လို့ လှူပါတယ်ဘုရား. . . (မှန်လှပါဘုရား)၊သိပ်. . . အဖိုးသိပ်တန်သွားပြီ. . . (မှန်လှပါဘုရား)။

## ဒုက္ခနဲ့သုခလဲယူတဲ့ပွဲ

ကဲဒါဖြင့် ဒီနေ့အလှူပွဲဟာဘာပွဲပါလိမ့်၊အို. . . ဒုက္ခနဲ့သုခလဲယူတဲ့ပွဲ. . . (မှန်လှပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ အဲတော့ကို မီးလောင်စာမီးသွေးတွေနဲ့

မီးမလောင်တတ်တဲ့ နိဗ္ဗာန်ရွှေပြည်မြတ်ကြီးနဲ့ လဲယူတယ်. . . (မှန်လှပါဘုရား)၊

မီးလောင်တတ်တဲ့ ဒုက္ခသစ္စာကြီးနဲ့ ဟုတ်လား. . . (တင်ပါ)၊ မီး(၁၁)မီးငြိမ်းတဲ့နိဗ္ဗာန်ကြီးကို လဲလှယ်တာတဲ့၊ လဲလှယ်တဲ့အလှူပွဲဖြစ်အောင် လုပ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)၊

ဒါဖြင့်အိုတတ်နာတတ်သေတတ်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ မအိုမသေအမြဲနေတဲ့ နိဗ္ဗာန်ကြီးနဲ့ လဲလှူတဲ့ပွဲ ဦးသန်းမောင် တို့အလှူပွဲဟာ. . . (မှန်ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့်ဒီခန္ဓာကိုယ်ကြီးဟာ အိုတတ်နာတတ်သေတတ်တဲ့ ခန္ဓာကိုယ်ကြီး. . . (မှန်ပါဘုရား)၊ ဒီခန္ဓာကိုယ်ကြီးကလုပ်ရတဲ့ ပစ္စည်းနဲ့ မအိုမသေအမြဲနေတဲ့နိဗ္ဗာန်ကြီးနဲ့လဲယူပါတော့မယ် ဆိုပြီးလဲတာဟာအလှူပေးတာပဲ. . . (တင်ပါဘုရား)၊ ဦးသံဒိုင် သိပ်အဖိုးတန်တဲ့စကားတွေ. . . (မှန်လှပါဘုရား)၊ ဒါမြတ်စွာဘုရားဟောတော်မူတာ. . . (မှန်ပါဘုရား)၊ ဒီလိုလုပ်စမ်းပါ. . . (မှန်ပါဘုရား)။

## ရန်သိမ်းတဲ့နိဗ္ဗာန်နဲ့လဲယူလိုက်တာ

(၁၁)မီးလောင်နေတဲ့ မီးစာကြီးနဲ့မီးငြိမ်းရာကို လဲယူတာကိုအလှူပွဲလို့လုပ်လိုက်ပါ. . . (မှန်လှပါဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊ရန်သူငါးတန်နဲ့ ဆက်ဆံနေတဲ့ပစ္စည်းနဲ့ ရန်သိမ်းတဲ့နိဗ္ဗာန်ကြီးနဲ့ လဲယူလိုက်တဲ့ဥစ္စာ အလှူပွဲလို့မှတ်

လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

ခင်ဗျားပစ္စည်းဟာတစ်သိန်းကိုးသောင်းကုန်ပါလိမ့်မယ်၊ရန်သူတွေမီး(၁၁)မီးနဲ့ရာဇတောဝါဆိုတဲ့မီးတွေနဲ့လည်း ဆက်ဆံပါတယ်၊ စောရတောဝါဆိုတဲ့ သူခိုးခိုးသွားလည်း ဆက်ဆံပါတယ်. . . (မှန်လှပါ)၊ဒါဖြင့်မီးမျိုးစုံဆက်ဆံပြီးသကာလ နေတဲ့ပစ္စည်းနဲ့လုံးဝမခတဲ့နိဗ္ဗာန်ကြီးနဲ့လဲလှူတဲ့ဒါနပါ. . . (မှန်လှပါဘုရား)၊ ပြောင်းပစ်ပါ. . . (မှန်ပါ)။

ပြောင်းပစ်ပါတဲ့ ဒီဥစ္စာအင်မတန် အရေးကြီးနေလို့ ပြောတာဒါဖြင့်ခန္ဓာကိုယ်ကြီးဒုက္ခသစ္စာနဲ့နိဗ္ဗာန်နိရောဓသစ္စာ နဲ့ လဲ ယူ ပါတယ် ဘု ရား. . . (မှ န် ပါဘု ရား)၊ ဒီ ဒါနပါ တပည့်တော်တို့ဒါနက. . . (မှန်ပါ)၊ ရန်သူငါးတန်ဆက်ဆံတဲ့ ပစ္စည်းနဲ့ရန်သိမ်းတဲ့နိဗ္ဗာန်ကြီး နဲ့လဲယူပါတယ်ဘုရား. . . (မှန်ပါဘုရား)၊ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## အယုတ်နဲ့အမြတ်လဲတဲ့ပွဲ

ဒါဖြင့်(၁၁)မီးလောင်နေတဲ့ ခန္ဓာကိုယ်ကြီးနဲ့(၁၁)မီး ငြိမ်းတဲ့နိဗ္ဗာန်ကြီးကိုလည်း၊ လဲယူတဲ့ဥစ္စာ တပည့်တော် အလှူပွဲပါပဲ. . . (မှန်ပါဘုရား)၊ ဒါသစ္စာဉာဏ်နဲ့ပြော နေတာ. . . (မှန်ပါဘုရား)၊အင်မတန်အဖိုးတန်သွားပြီနော်. . . (အဖိုးတန်ပါတယ်ဘုရား)၊ အင်မတန်အဖိုးတန် သွားပြီတဲ့. . . (တင်ပါ)။

ဒါဖြင့်အားလုံး ဒကာ ဒကာမတွေဦးသန်းမောင်တို့ အလှူပွဲဟာဖြင့်အယုတ်နဲ့အမြတ်လဲတဲ့ပွဲပဲ. . . (မှန်လှပါဘုရား)၊ ဘာပါလိမ့်. . . (အယုတ်နဲ့အမြတ်လဲတဲ့ပွဲ ပါဘုရား)၊ အေး. . . ဦးသန်းမောင်တို့ ဒေါ်ကောက်တို့ လမ်းပြကောင်းနဲ့တွေ့လို့ အယုတ်နဲ့အမြတ်လဲနိုင်တာနော်၊ နို့မဟုတ်ရင် ဓားနဲ့ဆားလဲသလို ဖြစ်ရမယ်. . . (မှန်လှပါဘုရား)၊ သိပ်နစ်နာသွားမယ်. . . (မှန်လှပါဘုရား)။

## ဓားနဲ့ဆားလဲတာများတယ်

ဓားကလည်းသံချေးတက်၊ဆားကလည်းအမှုန်တွေရော. . . (မှန်ပါဘုရား)၊ တစ်ခုမှအကောင်းမပါဘူး. . . (မှန်ပါဘုရား)၊ အဲဒီလိုလဲယူတဲ့ပုဂ္ဂိုလ်တွေသာများပါတယ်၊ မီးလောင်စာနဲ့ မီးငြိမ်းတာနဲ့ လဲယူတဲ့ပုဂ္ဂိုလ်ကသစ္စာဉာဏ်ရမှလဲနိုင်ပါတယ်. . . (မှန်လှပါဘုရား)၊တော်တော်အရေးကြီးတယ်နော်. . . (မှန်လှပါဘုရား)။

အဲဒါကြောင့်တို့ပြည်ရွှေဆံတော်မှာရှိတဲ့တန်ဆောင်းဇရပ်၊ကံမမှာ ရှိတဲ့ဇရပ်ဟာအများသောပုဂ္ဂိုလ်တည်းခိုရာ၊ ဒီနေရာကနေပြီးသကာလ နိဗ္ဗာန်ပေါက်ရောက်ပြီးသကာလ ဒီအပေါ်မှာတည်းခို၊ ဒီအပေါ်မှာပဲ တရားအားထုတ်၊ ဒီကနေပြီးသကာလ နိဗ္ဗာန်သွားစေလိုတဲ့ဆန္ဒကြောင့် မိမိတို့ ဒီဇရပ်ကြီးကိုဆောက်လှူခြင်းသည် ကိလေသာမီးမလောင်တဲ့ပစ္စည်းကို၊

စားသောက်ပစ်တာ ကိလေသာမီးလောင်သွားတာ. . . (မှန်ပါ)။

## ကိလေသာမီးလောင်သွားတာ

ခင်ဗျားရှိတဲ့ပစ္စည်းစားသောက်ပစ်လိုက်ရင်. . . (ကိလေသာမီးလောင်သွားတာပါဘုရား)၊ စားသောက်ပစ်လိုက်ရင် ကိလေသာမီးလောင်တာ၊မာစီဒီးဝယ်လိုက်မယ်. . . (ကိလေသာမီးလောင်တာပါဘုရား)၊ ကိလေသာမီးလောင်တာပဲ၊ တိုက်ကြီးသိန်း(၆)သောင်းကုန်အောင်တည်လိုက်မယ် . . . (ကိလေသာမီးလောင်တာပါဘုရား)။

အဲ့ဒီကိလေသာမီးတွေလောင်တဲ့ အထဲကမှ ကိလေသာမလောင်ရာဖြစ်တဲ့ နေရာဌာနကို ဆွဲထုတ်လို့ ရတဲ့ပစ္စည်းလို့မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)၊ ဒါဖြင့်ကိလေသာ မီးထဲကဆွဲထုတ်တဲ့နေ့. . . (မှန်လှပါ)၊ ဒီနေ့ဘာနေ့ပါလိမ့်. . . (ကိလေသာမီးထဲကဆွဲထုတ်တဲ့နေ့ပါဘုရား)။

အဲတော့ ကိလေသာမီးထဲက ဆွဲထုတ်လိုက်တဲ့ အခါကျတော့ကိုတဲ့ မီးမလောင်တဲ့ပစ္စည်းဟာဆွဲထုတ် နိုင်တဲ့ပုဂ္ဂိုလ်၏ ပစ္စည်းဖြစ်ပါတယ်. . . (မှန်လှပါဘုရား)၊ မီးကတော့လောင်နေတာပဲ. . . (လောင်နေပါတယ်ဘုရား)၊ ကိလေသာမီးကဖြင့်ဘာပါကွာ၊ညာပါကွာ၊ဘာလုပ်ကွာ၊ညာလုပ်ကွာဆိုပြီး ကိလေသာမီးလောင်လို့ ဒီပစ္စည်းတွေဟာ တစ်နေ့သောင်းကိုးထောင်ထွက်နေတာပဲ. . . (မှန်ပါဘုရား)။

## ဆရာကောင်းဆည်းကပ်မိလို့

ကိလေသာနဲ့ ကိလေသာနဲ့သုံးပစ်လိုက်တာ. . . (မှန်ပါဘုရား)၊ မထွက်ဘူးလား. . . (ထွက်ပါတယ်ဘုရား)၊ အဲဒါ ကိလေသာမီးလောင်တဲ့ပစ္စည်း. . . (တင်ပါ)၊ အဲ. . . ကိလေသာမီးဒုက္ခမီးလောင်တဲ့ပစ္စည်းကို ဆရာကောင်းသမားကောင်း ဆည်းကပ်မိတဲ့အတွက် မီးထဲက ဆွဲထုတ်ပြီးသကာလလာတဲ့ ဇရပ်ဟာကြော်. . . ဘယ်သူ ပိုင်ပါလိမ့်မတုံးမေးလို့ရှိရင်ဖြင့် ဦးသန်းမောင် ပိုင်တယ်. . . (မှန်လှပါဘုရား)။

သူ့မီးထဲကသူဆွဲထုတ်ထားတာ. . . (မှန်လှပါဘုရား)၊ ဒီအတိုင်းနေလည်းတစ်သိန်းကိုးသောင်းက ကုန်သွားတာပဲ. . . (ကုန်ပါတယ်ဘုရား)၊ကိလေသာမီးစားပစ် တာနဲ့. . . (မှန်လှပါဘုရား)၊ဒီထဲကနေပြီး ပြည်ရွှေဆံတော်မှာလည်းတပည့်တော်တို့ အများတည်းခိုရန်စတုဒိသာဇရပ် ဆောက်ပါတယ်။ ကံမမြို့မှာ လည်းဆောက်ပါတယ်။ ပုပ္ပါးမှာလည်းဆောက်ပါတယ် အများတည်းခိုရန် စတုဒိသာသာသနိက အဖြစ်နဲ့တပည့်တော်တို့ ရည်မှန်းပြီးဆောက်ပါတယ်။

မီးထဲကဆွဲထုတ်ထားတာ အဲဒါလေးပဲ ဦးသန်းမောင် အပိုင်ရှိတယ်. . . (မှန်ပါဘုရား)၊ အိမ်မှာရှိတဲ့ စက္ကူတွေက ပိုင်ကိုမပိုင်ဘူး. . . (မပိုင်ပါဘုရား)၊ ဘာကြောင့်မပိုင်တုံးဆို လို့ရှိရင် နိုင်ငံရေးကလာ၊ လူမှုရေးကလာလို့ရှိရင် မီးလောင်သွားပြီ ပေးလိုက်ရပြီ. . . (မှန်လှပါဘုရား)။

ဒုက္ခမီးတွေ၊ ရာဇတောဝါဆိုတဲ့မီးတွေ၊ စောရတောဝါဆိုတဲ့မီးတွေအဲဒီမီးတွေ အလောင်မခံတော့ ပါဘူးကွာ၊ ဆွဲထုတ်ပါတော့မယ်ဆိုပြီးသကာလ အခု ပြည်ရွှေဆံတော်မှာလည်းအင်း. . . စတုဒိသာဇရပ်ကြီးတစ်ခု၊ ကံမမြို့မှာလည်း စတုဒိသာဇရပ်ပုပ္ပါးတောင်မှာလည်း စတုဒိသာဇရပ်ကြီးတစ်ခုဟာ ဩော်. . . ဦးသန်းမောင် ခင်ဗျားနည်းနည်းပါးလို့ တော်သေးတယ်နော်. . . (မှန်လှပါ)၊ နို့မဟုတ်ရင်ဒါကိလေသာမီးထဲအကုန်ပါသွားမှာ . . . (မှန်လှပါဘုရား)၊ မပါပေဘူးလား. . . (ပါပါတယ် ဘုရား)။

## ကိလေသာမီးထဲကဆွဲထုတ်တာ

ကိလေသာမီး၊ မင်းဘေး၊စိုးဘေးသူခိုးဘေးမီးထဲမပါပေဘူးလား. . . (ပါပါတယ်ဘုရား)၊အဲဒါအခုကျန်နေရစ်တာဦးသန်းမောင်ဆွဲထုတ်ကောင်းလို့. . . (မှန်လှပါဘုရား)၊ ဆွဲမထုတ်တဲ့ ပုဂ္ဂိုလ်တွေဖြင့် ပြောင်ကြပြီ. . . (မှန်ပါဘုရား)၊ သဘောပါပလား. . . (ပါ ပါပြီဘုရား)။

ဩော်. . . ငါသည်ကားလို့ဆိုရင် မီးထဲကဆွဲထုတ်လို့ရတဲ့နေ့ပါလားလို့အောက်မေ့၊ကုန်တဲ့နေ့လို့ မအောက်မေ့နဲ့. . . (မှန်လှပါဘုရား)၊ ကုန်တဲ့နေ့လားရတဲ့နေ့လား. . . (ရတဲ့နေ့ပါဘုရား)၊ အင်း. . . ဒီပစ္စည်းတစ်သိန်းကိုးသောင်းအစရှိသည် တန်တဲ့ဥစ္စာတွေဟာ ကိလေသာမီးကသာ သုံးလိုက်မယ်

ဆိုလို့ရှိရင်ဖြင့်၊အင်း. . . တစ်ခုခု တည်ထောင်လိုက်မယ် စက်ရုံကြီးကိုသိန်းပေါင်းသုံးလေးဆယ်နဲ့ တည်ထောင်လိုက်မယ်ဆိုလို့ရှိရင် ဒါကိလေသာမီးပွားသွားတာပဲ. . . (မှန်လှပါဘုရား)။

ဟာ. . . ဒီ ကိလေသာမီးအပွားမခံနိုင်ပါဘူးကွာ မီးထဲကဆွဲထုတ်မယ်ဆိုပြီးသကာလ ကံမမြို့မှာ၊ ပြည်မြို့မှာ၊ ပုပ္ပါးတောင်မှာ၊ ဒါဘယ်သူရတာတုံး ဆွဲထုတ်တဲ့ပုဂ္ဂိုလ်ရတာပေါ့. . . (မှန်ပါဘုရား)၊ ဘယ်သူရတုံး. . . (ဆွဲထုတ်တဲ့ပုဂ္ဂိုလ်ရပါတယ်ဘုရား)။

## ရတဲ့ပစ္စည်းလား ကုန်တဲ့ပစ္စည်းလား

ဒါဖြင့်ဦးသန်းမောင် ဒေါ်ကောက်တို့ရတဲ့ပစ္စည်း. . . (မှန်ပါဘုရား)၊ ကုန်တဲ့ပစ္စည်းလား ရတဲ့ပစ္စည်းလား. . . (ရတဲ့ပစ္စည်းပါဘုရား)၊ အဲဒါနောက်ကို ဘယ်သူကပဲမေးမေး ဦးသန်းမောင် ဘယ်လောက်ကုန်တုံးလို့မေးလို့ရှိရင် အကုန်မမေးပါနဲ့ဗျာ၊ ဘယ်လောက်ရတုံးမေးစမ်းပါ . . . (မှန်ပါဘုရား)။

မီးထဲကဆွဲထုတ်ထားတာ၊ နို့မဟုတ်ရင် ကိလေသာမီးလောင်သွားလို့ကုန်မှာပဲ. . . (ကုန်မှာပါဘုရား)၊ အဲတော့ခင်ဗျားတို့ကအမေးကိုမတတ်ဘူး. . . (တင်ပါဘုရား)ဦးသန်းမောင်ပုပ္ပါးဇရပ် ဘယ်လောက်ကုန်သွားတုံး ကုန်တာပဲမေးနေတာ. . . (တင်ပါ)။

ပြည်မှာဆောက်တဲ့ဇရပ်ဘယ်လောက် ကုန်သွားတုံး၊ ကံမမှာဆောက်တဲ့ဥစ္စာကော ဘယ်လောက်ကုန်သွားတုံး၊ ဒါမသိတဲ့ လူကမေးတာ. . . (မှန်လှပါဘုရား)၊ သိတဲ့လူ ကတော့ ဟိုမှာသမုဒယသစ္စာထဲကနေပြီး သကာလဆွဲ ထုတ်တယ်. . . (တင်ပါ ဘုရား)။

ဟိုမှာ နဂိုကသမုဒယတွေရှိနေတာ၊ သမုဒယဆိုတာ ကိလေသာမီး၊ ကိလေသာမီးတွေလောင်တဲ့ အထဲကနေပြီး အခုနေရာသုံးခုကိုဆွဲထုတ်ပြီး ဟိုရွှေ့ထားဒီရွှေ့ထားမီးမကူး အောင်. . . (မှန်လှပါဘုရား)။

ဆိုတော့ဒီဟာတွေက ဦးသန်းမောင် ဘယ်လောက် ရသတုံးလို့မေးလိုက်လို့ရှိရင်ဖြင့် ခင်ဗျားတို့စာရင်းအတိုင်း ရတယ်. . . (မှန်လှပါဘုရား)၊ ကုန်သွားတာလား ရတာ လား. . . (ရတာပါဘုရား)၊ အဲတော့ မင်းတို့ ဒကာရင်း ဆရာရင်းတွေကလည်း ဦးသန်းမောင် ပုပ္ပါးက ဘယ်လောက် ရတုံး၊ ဒီလိုမေးရမယ်. . . (မှန်လှပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ပြည်မှာဘယ်လောက်ရတုံး၊ကံမမြို့မှာဘယ်လောက် ရတုံး၊ ဒီလိုမေးမှ မှန်တယ်၊ ဟိုဦးသံဒိုင်တို့က လူရှော်တွေကွ၊ ဘယ်လောက်ကုန်တုံး၊ မေးနည်းကိုကမဟန်ဘူး. . . (မှန်လှပါ ဘုရား)၊ ဟန်ကျရဲ့လား. . . (မဟန်ပါဘူးဘုရား)။

## မီးထဲကဆွဲထုတ်လို့ကျန်ရစ်တာ

ဦးသန်းမောင်က အခုမှလိမ္မာရမှာ. . . (အခုမှ လိမ္မာရမှာပါဘုရား)၊အခုမှလိမ္မာရမှာသူက ကျုပ်ဘယ်လောက်ကုန်သွားတယ်လို့သူက ပြောချင်ပြောနေတာ. . . (မှန်ပါ)၊ ကုန်တာလားမီးထဲကဆွဲထုတ်လို့ ကျန်ရစ်တာလား. . . (မီးထဲကဆွဲထုတ်လို့ကျန်ရစ်တာပါဘုရား)ဟာ. . . ဒီလောက်ရလိုက်သေးတယ်ဗျာ၊ ဒီလိုပြောရမှာ. . . (မှန်လှပါဘုရား)၊ သဘောပါပလား ဒါကြဲလုံးဖန်လုံးလို့ထင်သလား၊ သဘောကောမဆိုက်ဘူးလား. . . (ဆိုက်ပါတယ်ဘုရား)။

သဘောဆိုက်တယ်. . . (မှန်လှပါဘုရား)၊ ကဲခန္ဓာကိုယ်မရဏမီးလောင်သွားတော့လည်းသူ ကျန်နေရစ်တော့တယ်ကိုယ်ပိုင်သေးရဲ့လား. . . (မပိုင်ပါ ဘူးဘုရား)၊ ကိုယ်ရတာဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘူးဘုရား)၊ မဟုတ်တော့ဘူးတဲ့၊အိုလို့မစားနိုင်တော့လည်း ဒီပစ္စည်းတွေဟာ သူ့ဟာ သူကျန်နေရစ်တာဟာဆွဲထုတ်လို့ရသေး ရဲ့လား အင်း အိုမီးနာမီး၊ သေမီး၊မင်းမီး၊စိုးမီး၊သူခိုးမီး၊ ဒါတွေကနေပြီးသကာလ လောင်သွားလို့ရှိရင်လည်းတဲ့ ဦးသန်းမောင်တို့မှာ ကုန်ရမှာပဲ. . . (မှန်ပါဘုရား)။

အခုတော့ဖြင့်ပြည်မှာလည်းကျန်ရစ်ပါသေးတယ်၊ ကံမမှာဘယ်လောက်ကျန်ရစ်သေးတယ်၊ ပုပ္ပါးမှာဘယ်လောက် ကျန်ရစ်သေးတယ်၊တော်သေးတယ်ဗျာ၊အခုဟာ တော်သေးတာ၊

မီးထဲက အခုဆွဲထုတ်တတ်လာတာ. . . (မှန်ပါ)။

## နဂိုကထုတ်နည်းကတစ်မျိုး

ဒါကတော့ ဘုန်းကြီးပြောလို့သာကိုနဂိုကထုတ်နည်း က ဒါမျိုးမဟုတ်ဘူး. . . (မဟုတ်ပါဘူးဘုရား)၊ နဂိုက ဒါမျိုးကို မဟုတ်ဘူး. . . (မဟုတ်ပါဘူးဘုရား)၊ ဒါမျိုးမဟုတ်ဘူး သူများ ချမ်းသာအောင်လုပ်နေတာ၊ ဒီနေရာလေး စခန်းတည့်တယ်ဟေ့၊ အများချမ်းသာအောင် လုပ်လိုက်ဦးမယ်. . . (မှန်ပါ)။

အများချမ်းသာတာငဲ့တယ်၊ သဘောကျပလား. . . (မှန်ပါ)၊ အင်း. . . ကိုယ်မီးလောင်တဲ့အထဲက ဆွဲထုတ် ထားလို့ ဦးသံဒိုင်တို့မြည်ရတွန်ရတာ မြည်တွန်သင့်တယ်လို့မှတ်ပါ. . . (မှန်လှပါဘုရား)။

သူမေးမှာကို ဦးသန်းမောင် ခင်ဗျားပြည်က ဘယ်လောက် ကုန်သွားတုံးဘယ်လောက်ကုန်သွားတုံးမေးတာ. . . (မှန်ပါ)၊ ဟိုမီးလောင်တဲ့အထဲကဆွဲထုတ်ထားတာကြီးကို ဘယ်လောက် ကုန်သွားတုံးမေးနေလို့ ခက်နေတာပေါ့ ဟိုကုန်တဲ့အထဲပါ သွားတယ်. . . (မှန်ပါ)။

အခုဟာကမီးထဲကဆွဲထုတ်ထားလို့ ရတဲ့ပစ္စည်း၊ တို့သည် နဂိုကမီးလောင်နေတဲ့ပစ္စည်းအခုဆွဲထုတ်ထားလို့ ပြည်မှာ ဘယ်လောက်ရလိုက်တယ်။ ကံမမှာဘယ်လောက်ရလိုက်တယ် သူ့တန်ဖိုးအတိုင်းပေါ့ဗျာ. . . (မှန်လှပါဘုရား)။

## ယနေ့စိတ်ပြောင်းပါ

ကဲ. . . ပုပ္ပါးမှာဘယ်လောက်ရလိုက်တယ် ဆိုတဲ့ဥစ္စာ ဒီဟာကိုယနေ့စိတ်ပြောင်းပါ. . . (မှန်ပါဘုရား)၊ အင်မတန် နက်တဲ့စကားလို့မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)၊တစ်သက် နဲ့တစ်ကိုယ်ကြားကိုမကြားဖူးပါဘူး. . . (မကြားဖူးပါဘူးဘုရား)၊ မကြားဖူးပါဘူး၊ ဘယ်လောက်ကုန် တုံးသာမေးနေတာပဲ။

အင်း. . . ဇရပ်ဒကာတလည်း ဘယ်လောက်ကုန်သွား တယ်ဗျ၊ ဩော်. . . ခက်လိုက်တာ မီးထဲကဆွဲထုတ်လို့ရတဲ့ဥစ္စာ ကုန်သွားတယ်ပြောတယ် အရူးနဲ့တူပါရဲ့. . . (မှန်ပါဘုရား)၊မဆို ထိုက်ဘူးလား၊ဆိုထိုက်သလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

## ဒီရောက်လာတာကံကောင်းတယ်

အဲဒီလောက်ကျအောင် ခင်ဗျားတို့မှာ အသိဉာဏ် ကသေးသိမ်မှေးမှိန်ပြီး သကာလနေလို့ ဒီရောက်လာတာ ဦးသံဒိုင်တို့၊ ဦးသန်းမောင်တို့ ကံကောင်းတယ်လို့ပြောတာ များပြောတာကနည်းသေးတယ်. . . (မှန်လှပါဘုရား)၊ ကောင်း တာကပိုနေတယ်. . . (မှန်လှပါဘုရား)၊သဘော ပါပလား. . . (ပါ ပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့်ဒီနေ့ဘာလုပ်တဲ့ပွဲတုံး မီးထဲကဆွဲ ထုတ်လိုက်လို့အမြတ်ရတဲ့ပွဲဘုရား့၊ ဒီနေ့ပွဲဟာ . . . (မှန်လှ ပါဘုရား)၊ ဒီနေ့ ရေစက်ချပွဲသည်ကားလို့ဆိုလို့ရှိရင်ဖြင့်

ဘာပွဲပါလိမ့်မတုံး. . . (မီးထဲကဆွဲထုတ်လို့အမြတ်ရတဲ့ပွဲပါဘုရား)၊ အမြတ်ရတဲ့ပွဲ၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## အမြတ်ရတဲ့ပွဲ

အဲဒါအမြတ်ရတဲ့ပွဲကို သေသေချာချာသိတော့မှ ဩော်. . . အိုတတ်နာတတ်သေတတ်တဲ့ ပစ္စည်းတစ်ခုနဲ့လဲ လိုက်တာ . . . (မှန်လှပါဘုရား)။

(၁၁)မီးလောင်နေတဲ့ခန္ဓာကိုယ်ကြီး၊ (၁၁)မီးလောင်နေတဲ့ပစ္စည်းတွေနှင့်မီးလွတ်ရာပို့ထားတဲ့ဘုရားတန်ဆောင်းနဲ့ နိဗ္ဗာန်နဲ့လဲလိုက်တဲ့ပစ္စည်း. . . (မှန်လှပါဘုရား)၊ မီးထဲကပစ္စည်း ကတော့လဲလို့မှမရတာ. . . (မရပါဘူးဘုရား)၊အခု မီးလွတ်တဲ့ပစ္စည်းနဲ့တော့. . . (လဲလို့ရပါတယ်ဘုရား)၊လဲလို့ရတယ်။

မယုံရင်ကြည့် ခင်ဗျားတို့မီးထဲကပစ္စည်းနဲ့ ပြာနဲ့ငွေနဲ့ လဲမလားမေးရင် မလဲဘူးလို့ဘယ်သူဖြစ်ဖြစ်ပြောမှာပဲ. . . (မှန်လှပါဘုရား)၊ မီးသွေးနဲ့ရွှေနဲ့လဲမလားလို့ မေးပြန်ရင် လည်း. . . (မလဲပါဘူးဘုရား)၊ ဘယ်သူမှမလဲဘူးတဲ့။

အခုတော့ဖြင့် မီးထဲကဆွဲထုတ်ထားတဲပစ္စည်းဖြစ် လေသောကြောင့် နိဗ္ဗာန်နဲ့လဲလို့ရတယ်. . . (မှန်လှပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ပြီးတော့ ဟိုဟာက ကိုယ်ပိုင် မဟုတ်ဘူး ဒါကကိုယ်ပိုင်ဖြစ်လေသောကြောင့် လဲလို့ရ တယ်. . . . (မှန်လှပါဘုရား)။

ဟိုဟာကမင်းစိုးရာဇာနဲ့ဆက်ဆံလို့ရှိရင်ခင်ဗျားပစ္စည်းကကျုပ်ဆီရောက်လာလည်းမင်းလိုက်ဦးမှာပဲ. . . (တင်ပါ)၊ မဖြစ်ဘူးဒီဇရပ်ဆိုတော့ စတုဒိသာသံဃိကဆိုတော့ကော ဇရပ်ဆိုတာ စတုဒိသာကရေစက်ချရတာ၊အရပ်လေးမျက်နှာ မှ သူဌေးသူကြွယ်ဖြစ်စေ၊ မင်း၊ ပုဏ္ဏား၊ သူဌေး၊ အနူအရှဲဖြစ်စေ၊ လာလို့ရှိရင်ဖြင့်အကုန်တည်းခိုနိုင်စေခြင်း အကျိုးငှာလှူဒါန်းသောကြောင့် စတုဒိသာသံဃိကလို့မှတ်ပါ. . . (မှန်လှပါဘုရား)။

ကောင်းပြီစတုဒိသာ သံဃိကကြီးကို လှူနိုင်တာဟာ ဘယ်လိုကြောင့် လှူနိုင်ပါလိမ့်မတုံးဆိုတော့ အို. . . ဆွဲထုတ်ကောင်းလို့ပေါ့ နို့မဟုတ်ရင် အကုန်မီးထဲပါတယ်. . . (မှန်ပါဘုရား)၊ဘယ့်နဲ့ကြောင့်ပါလိမ့်. . . (ဆွဲထုတ်ကောင်းလို့ပါဘုရား)၊ ဆွဲထုတ်တာကောင်းလို့နို့မဟုတ်ရင် ပါသွားမယ်၊ မပါပေဘူးလား . . . (ပါ ပါတယ်ဘုရား)။

အဲဒီထဲကဆွဲထုတ်လို့ကောင်းတဲ့ ပစ္စည်းနဲ့ကျတော့ ဖြင့်ဩော်. . . ဒါကိုယ်ပိုင်ပစ္စည်းဖြစ်လို့၊ အင်း. . . ကိုယ်ပိုင်ပစ္စည်းပေမယ့်ကိုယ့်ဇရပ်ကအိုတတ်၊နာတတ်၊ဆွေးတတ်၊ မြေ့တတ်တဲ့ပစ္စည်း. . . (မှန်ပါ)၊ ဆွေးတတ်၊မြေ့တတ် တဲ့ပစ္စည်းနဲ့ မဆွေးတဲ့နိဗ္ဗာန်နဲ့လဲနေတာ. . . (မှန်ပါ)၊ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## ဒုက္ခနဲ့သုခလဲတဲ့နေ့

ဆွေးတတ်မြေတတ်တဲ့ဇရပ်တွေနဲ့မဆွေးတတ်၊မမြေတတ်တဲ့နိဗ္ဗာန်ကြီးနဲ့ လဲလှယ်ယူလိုက်ပါတယ်ဆိုတော့ ဒုက္ခသစ္စာနဲ့ ဆွေးတတ်မြေတတ်တယ်ဆိုတာဒုက္ခသစ္စာ. . . (မှန်လှပါ)၊ ဒုက္ခသစ္စာနဲ့သုခသစ္စာလဲတဲ့နေ့၊ ရေစက်ချတဲ့နေ့လို့မှတ်ပါ၊ ဒါသစ္စာဉာဏ်နဲ့ချတဲ့ရေစက်ချနော်၊ ကမ္ဘာသကတနဲ့တာ မဟုတ်ဘူး. . . (မှန်လှပါဘုရား)၊သစ္စာဉာဏ်နဲ့ရေစက်ချနေတယ်လို့မှတ်ပါ. . . (မှန်လှပါဘုရား)။

ကောင်းပြီ ဒါဖြင့်ဘုန်းကြီးတို့ဒကာ ဒကာမတွေမှာဦးသန်းမောင်ကိစ္စမှာအားလုံး နာကြ၊ ကြားကြ၊ သိကြရတာပြော်. . . တို့ဟာနဂိုကမလဲတတ်တဲ့ပုဂ္ဂိုလ်တွေထဲအပါအဝင်ပါလား၊အဖိုးမတန်တဲ့ဒုက္ခသစ္စာနဲ့အဖိုးတန်တဲ့နိရောဓသစ္စာလဲယူတာကိုဆွဲ့ကာတွန့်ကာနေလို့ရှိရင်ဖြင့် သစ္စာမသိဘူး. . . (မှန်လှပါဘုရား)၊အသေအချာမှတ်ပါ. . . (မှန်လှပါဘုရား)။

ခင်ဗျားတို့ဆွဲထုတ်လိုက်တဲ့ဇရပ်က ဥပမာ နောက်လေးငါးဆယ်နှစ်ဆိုခင်ဗျားတို့ကလည်း သေကုန်မယ်ဆိုဆွေးမြေပြီး အစားလည်းမထိုးနိုင်ကြတော့ သားတွေသမီးတွေကလည်းအမွေဆက်မခံတော့ဘူးဆိုပါတော့ ဒီလိုဆိုလို့ ရှိရင်ဆွေးတတ်မြေတတ်တဲ့ပစ္စည်းကသေချာတယ်. . . (မှန်လှပါဘုရား)။

မီးထဲကရတဲ့ဆွေးတတ်မြေတတ်တဲ့ပစ္စည်းနဲ့ မဆွေးမမြေတဲ့နိဗ္ဗာန်ကြီးနဲ့ ယနေ့လဲလှယ်တဲ့နေ့ဟာရေစက်ချတဲ့

နေ့. . . (မှန်လှပါဘုရား)၊ သဘောပါပလား. . . (ပါ ပါပြီ ဘုရား)၊ ဒါဖြင့် ယနေ့သည်ကားဆိုရင်ဖြင့် သံသရာခရီးသည်ထဲမှာဖြင့် ယနေ့ပါး တဲ့ညဏ်ဝင်လာတာပဲ. . . (မှန်လှပါဘုရား)။

## အပါးထုတ်တဲ့နေ့

သံသရာ့ခရီးသည်ဖြစ်လာတာကြာပါပြီ. . . (မှန်လှပါဘုရား)၊ တစ်ခါမှမနားခဲ့ရပါဘူး၊ အဲဒီထဲကနေပြီး သကာလ အထူကြီးသာဖြစ်ခဲ့တယ် အပါးမဖြစ်ခဲ့ဘူး. . . (မှန်လှပါဘုရား)၊ ယနေ့တော့ဖြင့်အပါးထုတ်တဲ့နေ့. . . (မှန်လှပါဘုရား)။

အိုတတ်ဆွေးတတ်တဲ့ဇရပ်ကြီးနဲ့နိဗ္ဗာန်နဲ့လဲမယ်၊ ပုပ္ပါးမှာရှိတဲ့ဇရပ်နဲ့လည်း နိဗ္ဗာန်နဲ့လဲမယ်၊ ပြည်ရွှေဆံတော်မှာရှိတဲ့ ဇရပ်ကြီးနဲ့လည်း နိဗ္ဗာန်နဲ့လဲမယ်. . . (မှန်လှပါ ဘုရား)၊ ကံမမြို့မှာ ရှိတဲ့ဇရပ်ကြီးအိုတတ်ဆွေးတတ်တဲ့ ဒုက္ခသစ္စာကြီးနဲ့ နိဗ္ဗာန်၊ သုခသစ္စာနဲ့လဲမယ်. . . (မှန်လှပါဘုရား)၊ အဲဒါလဲတဲ့ နေ့လို့ဒီနေ့မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)၊ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် အခါတိုင်းဒီညဏ်မရဘူးတဲ့ ရှိလို့လှူတယ် ပဲထင်လိုက်တယ်. . . (တင်ပါ)၊ ဘယ်ဟုတ်လိမ့်မတုံးသူ့ဟာ ဒုက္ခသစ္စာနဲ့သုခသစ္စာလဲနေတာ. . . (မှန်ပါဘုရား)၊ ဆိုတော့ ကမ္မသကတလည်းမကျတာ၊ ကမ္မသကတကျသေးရဲ့လား. . . (မကျပါဘူး)၊ ဒုက္ခသစ္စာနဲ့သုခသစ္စာလဲတဲ့နေ့ ဒီနေ့မှ

ညဏ်ပါတဲ့နေ့. . . (မှန်ပါဘုရား)။

ဒုက္ခသစ္စာနဲ့. . . (သုခသစ္စာလဲတဲ့နေ့ပါဘုရား)၊ဒါဖြင့် ရေစက်ချတယ် လှူဒါန်းတယ်ဆိုတဲ့ဥစ္စာသည် ဒုက္ခသစ္စာနှင့်အညံ့သစ္စာနှင့်အမြတ်ဆုံးသစ္စာနဲ့လဲတာကို ဒါအလှူပေးတဲ့နေ့ခေါ်တာပါပဲ. . . (မှန်ပါဘုရား)၊ သဘောပါပလား. . . (ပါပါပြီဘုရား)၊အင်မတန်အရေး ကြီးနေတယ်နော်. . . (မှန်ပါဘုရား)။

## ငါသာမညလူမဟုတ်တော့ဘူး

ဩော်. . . ကိုယ်တိုင်ကဒီလောက်မပါးငြား သော်လည်း ဆရာဘုန်းကြီးကညဏ်ပေးလိုက်တဲ့အတွက် ငါသာမညလူမဟုတ်ဘူးဟေ့ ဒုက္ခနဲ့သုခအရလဲတတ် တဲ့ပုဂ္ဂိုလ်ထဲတို့အပါအဝင်ဖြစ်သွားတယ်. . . (မှန်လှပါ ဘုရား)၊ ညဏ်ပါသွားပြီ ဒါလမ်းပြကောင်းလို့. . . (မှန်ပါ)၊ လမ်းပြမကောင်းရင်တော့. . . (မပါပါဘူးဘုရား)၊မပါဘူး လမ်းပြမကောင်းလို့ရှိရင်ဖြင့် ဓားနဲ့ဆားလဲနေဦးမှာ. . . (မှန်ပါဘုရား)၊ မလဲပေဘူးလား. . . (လဲပါတယ်ဘုရား)၊ အင်မတန်ကြောက်စရာကောင်းပါတယ်၊ အင်မတန် ကြောက်စရာကောင်းပါတယ်။

ကိုင်း. . . ဒါဖြင့်ယနေ့အလှူပေးတဲ့နေ့လားတဲ့ ဒုက္ခနဲ့ သုခလဲတဲ့နေ့လား. . . (ဒုက္ခနဲ့သုခလဲတဲ့နေ့ပါဘုရား)၊ ကောင်းပြီ

ဒုက္ခနဲ့သုခလဲတယ် ဆိုကတည်းကိုကဒုက္ခလည်း သူသိသော ကြောင့်သစ္စာဉာဏ် . . . (မှန်လှပါဘုရား)၊ နိရောဓလည်း သူသိသောကြောင့် . . . (သစ္စာဉာဏ်)ပြော် . . . သစ္စဉာဏ်နဲ့ ယနေ့သည်ကားဆိုရင်ဖြင့် ဆုံဖြတ်ချက်ချ တဲ့နေ့ . . . (မှန်လှပါ ဘုရား)၊ သဘောပါကျပလား . . . (ပါ ပါပြီဘုရား)။

သစ္စဉာဏ်နဲ့ . . . (ဆုံးဖြတ်ချက်ချတဲ့နေပါဘုရား)၊ သစ္စဉာဏ်နဲ့ ဆုံးဖြတ်ချက်ချတဲ့နေ့၊ သစ္စာဉာဏ်နဲ့အပါးထုတ် တဲ့နေ့ . . . (မှန်လှပါဘုရား)၊ ဘာဖြစ်လို့တုံး ဒုက္ခနဲ့သုခ သူလဲပြီးယူလိုက် တာကို . . . (မှန်လှပါဘုရား)။

## ဒီနေ့ဟာဉာဏ်အထက်ဆုံး

ဒီနေ့သံသရာထဲနေတဲ့အထဲမှာဖြင့်ဒီနေ့ဟာဉာဏ် အထက်ဆုံးမို့ ဒီနေ့လဲတတ်တဲ့နေ့ပဲ . . . (မှန်ပါဘုရား)၊ အခါတိုင်းတော့ဖြင့် သံသရာ့ခရီးသည်ဖြစ်ပြီးဒုက္ခ၊ ဒုက္ခချင်း သာလျှောက်လဲနေတာပဲ . . . (မှန်လှပါဘုရား)၊ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အခုတော့ဖြင့် ဒုက္ခနဲ့ ဘာနဲ့လဲပါလိမ့် . . . (သုခနဲ့လဲ ပါတယ်ဘုရား)၊ပြော် . . . ဒုက္ခသစ္စာနဲ့သုခသစ္စာလဲတာ၊သမုဒယ သစ္စာနယ်မှ နိရောဓသစ္စာနယ်နဲ့လည်းလဲယူလိုက်တာ . . . (မှန်ပါဘုရား)၊ ငွေရှိ ရှိဒုက္ခပူနေရတော့ သမုဒယဖြစ်နေ တာ . . . (မှန်လှပါဘုရား)။

ကဲ ဒီဥစ္စာတော့ဖြင့် မပူရတဲ့နေရာကိုရှာပါတော့မယ် ဆိုပြီးသကာလ ဒီဇရပ်ကြီးသုံးခုကို ဆောက်လိုက်တဲ့အတွက် အပူဓာတ် နဲ့အအေးဓာတ်နဲ့လဲတဲ့နေ့. . . (မှန်လှပါဘုရား)၊ သမုဒယသစ္စာနဲ့နိရောဓသစ္စာလဲတဲ့နေ့. . . (မှန်ပါဘုရား)၊ သိပ်အဖိုးတန်ပါတယ်။ ဘာနဲ့ဘာလဲပါလိမ့်. . . (ဒုက္ခသစ္စာ နဲ့နိရောဓသစ္စာလဲတဲ့နေ့ပါဘုရား)။

မြန်မာလိုပြန်လိုက်တော့အပူနဲ့အအေးအပါးထုတ် ပြီးလဲတဲ့နေ့. . . (မှန်လှပါဘုရား)၊အပူနဲ့အအေးကိုအပါးထုတ် ပြီးလဲတဲ့နေ့ဆိုတာဦးသန်းမောင်သေချာပလား. . . (သေချာပါ တယ်တယ်ဘုရား)၊ အို. . . ဒါဒီဉာဏ်ကိုဘုန်းကြီးကသွင်း ပေးလိုက်တာဟာ ဝိပဿနာအစစ်ဖြစ်အောင် သွင်းနေတာ. . . (မှန်လှပါဘုရား)၊ ဒီမှာဒါရေစက်ချနေတာ . . . (မှန်လှပါဘုရား)။

## ဆင်းရဲနဲ့ချမ်းသာလဲယူတဲ့နေ့

ဝိပဿနာအစစ်ဖြစ်အောင်သွင်းပေးနေတာ. . . (မှန်လှပါ ဘုရား)၊ ဦးသန်းမောင်ဉာဏ်၊ ဦးသံဒိုင်တို့ဉာဏ်၊ မောင်သစ်တို့ ဉာဏ်ကဒီကိုမရောက်ဘူး. . . (မရောက်ပါဘူးဘုရား)၊ရောက်ကို မရောက်ဘူး၊ ဘာရောက်မလဲ ခင်ဗျားတို့က သစ္စာမှပိုင်မှ မပိုင်ဘဲ. . . (တင်ပါဘုရား)၊ အခုတော့ သေသေချာချာ စဉ်းစားကြည့်တော့၊ဟော့. . . ဒါနလားဟုတ်လား၊ သစ္စာနှစ်ခုကို သူလဲလှယ်တတ်တာလားလို့ မေးလို့ရှိရင် ဘယ့်နဲ့ပြောကြ

မတုံး. . . (သစ္စာနှစ်ခုလဲလှယ်တာပါဘုရား)။

သစ္စာနှစ်ခုကဘာတုံး အပူသစ္စာနဲ့အအေး သစ္စာ. . . (မှန်လှပါဘုရား)၊ ဆင်းရဲသစ္စာနဲ့ချမ်းသာသစ္စာ၊ ဒါနှစ်ခုကိုယနေ့ မှဉာဏ်ထူးပေါက်ပြီး သကာလကိုင်းအပူနဲ့ အအေးလဲမယ်ကွာ၊ ဆင်းရဲနဲ့ချမ်းသာလဲမယ်ကွာ. . . (မှန်ပါ)၊ ဆိုပြီးလဲယူတဲ့နေ့ဟာ အလှူပေးတဲ့နေ့. . . (မှန်လှပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ဩော်. . . ဒီဉာဏ်ရဖို့ ဦးသံဒိုင်လွယ်ပ့ါမလား. . . (မလွယ်ပါဘူးဘုရား)၊ အခုရပြီနော်. . . (ရပါပြီဘုရား)၊ ဩော်. . . ခင်ဗျားမှာငွေတွေအပူရှိတယ် ဆိုလိုရှိရင်ဖြင့် သေနတ် ရှာရဦးတော့မလိုလို၊ အင်း. . . ဖုံးဖိပြီးထားရဦး တော့မလိုလို၊ စက္ကူအသစ်တွေပတ်ပြီး သကာလသေတ္တာခွံ လုပ်ရဦးတော့ မလိုလို ပူနေတာကိုဗျ. . . (မှန်လှပါဘုရား)။

## အပူနဲ့အအေးလဲလိုက်တာ

အဲဒီအပူတွေကို ကဲအအေးနဲ့လဲတော့မယ်ဆိုပြီး သကာလခင်ဗျားတို့ဇရပ်သုံးဆောင်ဆောက်လိုက်ပါတယ်. . . (မှန်ပါဘုရား)၊ဒါဖြင့်ဘာနဲ့လဲလိုက်တာတုံး. . . (အပူနဲ့အအေး နဲ့လဲတာပါဘုရား)၊ အပူနဲ့အအေးနဲ့လဲလိုက်တာ. . . (မှန်ပါ ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အပူနဲ့အအေးနဲ့လဲတာသည် သာမညဉာဏ်နဲ့လဲတာ

လားလို့မေးတဲ့အခါကျတော့ သစ္စာနှစ်ခုကို ပိုင်ပိုင်သိပြီးလဲ တာ. . . (မှန်လှပါဘုရား)၊အပူသစ္စာကို အပူသစ္စာလို့သိတယ်၊ အအေးသစ္စာကော. . . (အအေးသစ္စာလို့သိပါတယ်ဘုရား)။

အဲတော့သစ္စာဉာဏ်နဲ့လဲတဲ့နေ့ဆိုတော့ အလှူပေးတဲ့နေ့ မြန်မာလိုပြန်တော့ အလှူပေးတဲ့နေ့ဆိုတော့ အလှူပေးတဲ့ နေ့. . . (မှန်ပါ)၊ ဟုတ်လား ကိုယ့်ဉာဏ်နဲ့ ဖြစ်စဉ်ကတော့ သစ္စာနှစ်ခုကိုဝေဖန်သိတဲ့နေ့. . . (မှန်ပါဘုရား)၊ ဘာသိတဲ့ နေ့တုံး. . . (သစ္စာနှစ်ခုကိုဝေဖန်သိတဲ့နေ့ပါဘုရား)။

## သစ္စာနှစ်ခုကိုဝေဖန်သိတဲ့နေ့

အို. . . သစ္စာနှစ်ခု ဝေဖန်သိလို့ရှိရင်ဖြင့် ခင်ဗျားတို့ ခဏလေးနဲ့ အရိယာဖြစ်တော့မယ်. . . (မှန်လှပါဘုရား)၊ ခဏ လေးနဲ့အရိယာဖြစ်တော့မယ်တဲ့ အပူသစ္စာနဲ့အအေးသစ္စာကို လဲတတ်တဲ့ပုဂ္ဂိုလ်ဟာသစ္စာတစ်ခုတည်းသိလို့ ဦးသံဒိုင်ဖြစ်တာ မဟုတ်ဘူး. . . (မှန်လှပါဘုရား)၊နှစ်ခုကိုသူသိမှ. . . (မှန်လှပါ ဘုရား)။

ဒါဖြင့်တစ်ခုက အပူသစ္စာက သမုဒယသစ္စာ၊ အအေး သစ္စာကနိရောဓသစ္စာ၊သိတာကမဂ္ဂသစ္စာ၊ ဒီဉာဏ်နဲ့လဲပစ် တယ်. . . (မှန်လှပါဘုရား)၊ဉာဏ်ကလဲပစ်တော့ကိုတဲ့ပြော်. . . ဒါဖြင့်တို့သည်ကားလို့ဆိုလို့ရှိရင်ဒီနေ့မှပဲ ဉာဏ်ထူးရတဲ့နေ့ဆို တော့ ဉာဏ်ဥဒပါဒီလာဖြစ်သွားတယ်. . . (တင်ပါဘုရား)၊

ရှင်းပလား. . . (ရှင်း ပါပြီဘုရား)။

## ဉာဏ်ထူးရတဲ့နေ့

စက္ခုဥဒပါဒိ၊ ဉာဏံဥဒပါဒိ လာဖြစ်သွားတယ်. . . (မှန်ပါဘုရား)၊ ဒီဉာဏ်ပေါ်လာတယ်၊ တယ်လည်း အဖိုးတန်ပါလား ဦးသံဒိုင်. . . (အဖိုးတန်ပါတယ်ဘုရား)၊ အင်မတန်အဖိုးတန်တယ်လို့ အောက်မေ့စမ်းပါ. . . (အဖိုးတန်ပါတယ်ဘုရား)။

ဒီဟာက ထိုးထိုးထွင်းထွင်းနဲ့ပြောလည်းပြောတတ်မှ၊ ကိုယ်ကလည်းသစ္စာဆရာသမားဆီမှာနာတတ်မှ၊ နဂိုကလည်း အခြေအမြစ်သစ္စာကိုသိထားတော့မှပြော်. . . ငါ့အလုပ်သည် ကားလို့ဆိုရင် နဂိုကသစ္စာမသိဘဲနဲ့ အရမ်းဆောက်တဲ့ဇရပ်တွေ. . . (မှန်ပါ)။

အခုဆရာဘုန်းကြီးကယ်တင်လိုက်တဲ့အတွက်၊ ကယ်တင်လိုက်တဲ့အတွက်တဲ့ ပြော်. . . အအေးနဲ့အပူလဲဖြစ်ပေပြီ. . . (မှန်လှပါဘုရား)၊ အပူကသမုဒယသစ္စာ. . . (မှန်ပါဘုရား)၊ အအေးက. . . (နိရောဓသစ္စာပါဘုရား)၊ပြော်. . . ဒါဖြင့် သူ့အတွက်ပူနေရတဲ့ ပစ္စည်းကိုမပူရတဲ့ နိဗ္ဗာန်ကြီးနဲ့လဲပါတော့မယ်ဆိုပြီးသကာလ ဇရပ်ဆောက်လိုက်တယ်. . . (မှန်လှပါဘုရား)၊ဒါဖြင့်ဦးသန်းမောင်ဒီနေ့ သစ္စာဉာဏ်ရတဲ့နေ့. . . (မှန်လှပါဘုရား)၊မြန်မာလိုပြန်တော့ အလှူပေးတဲ့နေ့. . . (အလှူပေးတဲ့နေ့ပါဘုရား)။

## စူဠသောတာပန်စတည်တဲ့နေ့

အဘိဓမ္မာနည်းနဲ့ကျကျကြီးပြောလိုက်တဲ့အခါကျတော့ သစ္စာညာဏ်ရတဲ့နေ့ဆိုတော့သောတာပန်စတည်တဲ့နေ့လို့ဆိုတယ်. . . (မှန်လှပါဘုရား)၊စူဠသောတာပန်စတည်တဲ့နေ့. . . (မှန်ပါဘုရား)၊ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

အားလုံးဒကာဒကာမတွေဦးသန်းမောင်အကြောင်းပြုပြီးသကာလဦးသံဒိုင်တို့ရော၊ မောင်သစ်တို့ရော၊ နောက်ကဒကာဒကာမတွေကောဒီအသိဟာမသေးဘူးဆိုတာပေါ်လာတယ်. . . (မသေးပါဘူးဘုရား)၊ တစ်သက်တစ်ခါမှမကြားဖူးဘူး. . . (မကြားဖူးပါဘူးဘုရား)၊ ဒီအသိဟာ မသေးဘူးဆိုတာသေချာမှတ်ပါ. . . (မှန်လှပါဘုရား)။

ကဲ. . . တစ်ခါခန္ဓာကြီးကဒုက္ခသစ္စာ၊စက္ခုတွေ ကလည်းဒုက္ခသစ္စာ၊ စက္ခုကရုပ်တွေကို၊ ရုပ်တွေဆိုတော့ ဒုက္ခသစ္စာ၊ကဲ. . . ဒုက္ခသစ္စာနဲ့သုခသစ္စာနဲ့လဲပါတော့ မယ်ဆိုပြီး လဲလိုက်လို့ရလည်းရပါပြီဆိုတော့ ဩော်. . . ဒါသာမညာဏ်ရှိတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူး၊သစ္စာဏ်ရှိတဲ့ ပုဂ္ဂိုလ်မို့လဲတတ်တာ. . . (မှန်လှပါဘုရား)၊ ဒီပြင်ပုဂ္ဂိုလ်က . . . (မလဲတတ်ပါဘူးဘုရား)။

## ရှေ့ပြေးမဂ်ဉာဏ်ဖြင့်သေချာပါပြီ

မလဲတတ်ဘူးဆိုသဖြင့် ဩော်. . . ယနေ့သည်မဂ်ဉာဏ်ဆိုတဲ့ဥစ္စာကိုရှေ့ပြေးသဘောနဲ့ ရပြီ. . . (မှန်ပါ ဘုရား)၊ ရှေ့ပြေးမဂ်ဉာဏ်ရပြီ. . . (တင်ပါဘုရား)၊ ရှေ့ပြေး မဂ်ဉာဏ်ဖြင့်သေချာပါပြီ. . . (သေချာပါပြီဘုရား)၊နောက် တကယ်တမ်းအားထုတ်လိုက်လို့ရှိရင်ဖြင့်တဲ့အထက် မဂ်ဉာဏ်ကို ရပါလိမ့်မယ်. . . (မှန်ပါဘုရား)။

ဘာမှမပူပါနဲ့၊ ကိုင်း. . . ဒါဖြင့် အလှူပေးတဲ့နေ့လားအပါးထုတ်တဲ့နေ့လား. . . (အပါးထုတ်တဲ့နေ့ပါဘုရား)၊ တော်သေးတယ်နော်၊ ဒါကြောင့်စကားကိုနှစ်မျိုးပြောတာ၊ ရတာကိုလည်းကုန်တယ်လို့ခင်ဗျားတို့ဝိပ္ပလ္လာသကပြောတယ်၊ အဲဒါကိုလည်း ယနေ့ပြင်ပေးလိုက်ပါတယ်. . . (မှန်လှပါဘုရား)။

ရတာကိုခင်ဗျားတို့က ဘယ့်နယ့်ထင်တုံး. . . (ကုန်တယ်လို့ထင်ပါတယ်ဘုရား)၊ အဲဒါကိုလည်း ပြင်ပေးလိုက်ပါပြီ၊ စောစောက၊ ပြီးတော့ကို ကိုယ့်ဉာဏ်ထက်လာတယ် မထက်လာတယ်ဆိုတာ ရှေးအခါကဘယ်တော့မှမထက်ဘူး အခုတော့အပူသစ္စာနဲ့ အအေးသစ္စာကိုသိပြီးသကာလ ယနေ့လဲလှယ်ပစ်ပြီဆိုတဲ့ဥစ္စာကိုခင်ဗျားတို့သိပါပြီ . . . (တင်ပါဘုရား)။

## ဉာဏ်နဲ့လှူတဲ့အလှူ

ဒီနေ့သည်ကားလို့ဆိုရင် အပူနဲ့အအေးကိုခွဲခြား ဝေဖန်ပြီးသိတဲ့ပုဂ္ဂိုလ်ထဲမှာ ကျုပ်တို့ပါပြီးသကာလ သွားသောကြောင့် အန္တပုထုဇဉ်အဖြစ်မှလည်းလွတ်သွားတယ်. . . (မှန်လှပါဘုရား)၊ ကလျာဏပုထုဇဉ်အဖြစ်နဲ့လှူတာ. . . (မှန်ပါဘုရား)၊ ကလျာဏပုထုဇဉ်နဲ့ စူဠသောတာပန်အတူတူပဲ အဲဒီလိုလှူတဲ့ အလှူဖြစ်လေသောကြောင့်လည်း ဩော်. . . ဉာဏ်နဲ့လှူတဲ့အလှူ ကံနဲ့လှူတဲ့အလှူမဟုတ်တော့ဘူး. . . (မှန်လှပါဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

သစ္စာဉာဏ်ကပါနေတာကို. . . (မှန်ပါဘုရား)၊ ကံက ဦးစီးနိုင်သေးရဲ့လား. . . (မစီးနိုင်တော့ပါဘူးဘုရား)၊ မစီးနိုင်တော့ဘူးတဲ့၊ အပူအအေးကိုကံကသိတာမဟုတ်ဘူး. . . (တင်ပါ)၊ အပူအအေးကိုဉာဏ်ကသိတာ. . . (မှန်လှပါဘုရား)၊ ဆင်းရဲနဲ့ချမ်းသာ ဘယ်သူကသိတုံး. . . (ဉာဏ် ကမှသိပါတယ် ဘုရား)။

## ဉာဏ်စီမံရာနိဗ္ဗာန်သာရောက်တော့မယ်

ဉာဏ်ကမှသိတယ်ဆိုသဖြင့်ဒီနေ့သည်ကားဆိုလို့ရှိရင် ကံစီမံရာတော့မရောက်တော့ပါဘူးကွ၊ဉာဏ်စီမံရာနိဗ္ဗာန်သာရောက်တော့မယ်လို့ထစ်ထစ်ချဆုံးဖြတ်ချက်ချ. . . (မှန်လှပါဘုရား)။

ဒီအလှူပွဲဟာဘာကြောင့်တုံးဆိုတော့ အလှူမှုတည်ပြီး သစ္စာလဲတာကို. . . (မှန်လှပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊အင်မတန်အဖိုးတန်တယ်ဆိုတာဖြင့် ယနေ့ပေါ်ပါပြီ. . . (ပေါ်ပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့်တပည့်တော်တို့သည်ကား ကုန်တာကိုလည်း နဂိုကအမှားကြီးမှားနေတဲ့ဥစ္စာအရကို တွက်ရမည့်ဥစ္စာ၊ အကုန်တွက်ထားခြင်းကြောင့်တပည့်တော်တို့ အမှားကိုလည်း အမှန်သိတဲ့ သစ္စာဉာဏ်ရပါတယ်. . . (မှန်ပါ ဘုရား)၊အအေးနဲ့ အပူလည်းခွဲတတ်သောကြောင့်သစ္စာဉာဏ်ရပါတယ်. . . (ရပါတယ်ဘုရား)၊ဆင်းရဲနဲ့ချမ်းသာလည်း ခွဲတတ်သောကြောင့်. . . (သစ္စာဉာဏ်ရပါတယ်ဘုရား)။

အဲဒီသစ္စာဉာဏ်နဲ့သစ္စာသိပြီးသကာလ တပည့် တော်တို့သည်ဤဇရပ်ကျောင်းတွေကို စတုဒိသာသံဃိက အဖြစ်နဲ့ အရပ်လေးမျက်နှာမှ ကြွလာတဲ့ပုဂ္ဂိုလ်တွေတည်းဖို့ရန် လှူဒါန်းပါ၏ ဆိုပြီးသကာလ သစ္စာမြင်ပြီးလှူသောကြောင့် ဝိဝဋ္ဋအစစ်လို့ယနေ့မှတ်ပါ. . . (မှန်လှပါဘုရား)၊ သိပ်အဖိုးတန်သွားပြီနော်. . . (မှန်ပါ)။

ကိုင်း. . . ဒါဖြင့် ရေစက်ခွက်ကိုင်တော့. . .

## အလှူခံရေစက်ချ

ဘန္တေ. . . အရှင်ဘုရား၊ မယံ-ကျွန်ုပ်တို့သည်၊မယံ - တပည့်တော် တပည့်တော်မတို့သည်၊ ရာဂါဒီဟိ-ရာဂ အစရှိကုန်သော ကေဒသဂ္ဂီဟိ-(၁၁)ပါး မီးတို့ဖြင့်၊ ပဋိပီဠိတံ- လွှန်ကဲညှဉ်းဆဲနှိပ်စက်၍နေထသော။

တပည့်တော်တို့မှာဖြင့်ဘုရားလောဘမီး၊ဒေါသမီး၊ မောဟမီးတွေကအကုန်လောင်နေပါတယ်။ အဲဒီမီးလောင် တတ်တဲ့ခန္ဓာကြီးနဲ့ မီးသိမ်းရာနိဗ္ဗာန်နဲ့ရချင်လွန်းလို့၊ မီးလောင် တာကြီးရွံ့ခြင်းမုန်းခြင်းဖြစ်ပါ၍ မီးသိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို သာရလို၍ ဤပြည်ရွှေဆံတော်မှရှိတဲ့ဇရပ်၊ ပုပ္ပါးမှာရှိတဲ့ဇရပ်၊ ကံမမှာရှိတဲ့ဇရပ်တို့ကိုမီးငြိမ်းရာကို ရောက်လိုသော ဆန္ဒပြင်း ပြသည်ဖြစ်ပါ၍မီးကိုလည်း ရွံ့ခြင်းမုန်းခြင်းကြောင့် (၁၁)မီး လောင်နေတာ ကိုလည်း ရွံ့ခြင်း၊မုန်းခြင်းကြောင့်၊ (၁၁)မီးလောင် နေတဲ့ခန္ဓာကိုယ်ကြီးကိုလည်း ရွံ့ခြင်း၊မုန်းခြင်း၊ မလိုချင်ခြင်း၊ပျင်းရိ ခြင်းရှိသည်ဖြစ်ပါ၍ မီးငြိမ်းတာကိုသာ ကုသလံဆန္ဒဆိုတဲ့အတိုင်း ကုသိုလ်ဆန္ဒ အဖြစ်ရလိုရောက်လိုသောကြောင့် ဤဇရပ် တန်ဆောင်းတွေကို စတုဒိသာ သံဃိက အဖြစ်နဲ့ ဆရာသမားရှေ့ မှောက်၌ နိဗ္ဗာန်အရောက်ဉာဏ်မြင်ပြီး သကာလလှူဒါန်းပါ၏။ ပြောင်းလိုက်ပါ. . . (မှန်ပါ)။

## သံသရာဘေးကြီး

ဘန္တေ-အရှင်ဘုရား၊ မယံ-ကျွန်ုပ်တို့သည်၊ရာဂါဒီ-ရာဂ အစရှိကုန်သော၊ ဧကေဒသဂ္ဂီ-တစ်ဆယ့်တစ်ပါးမီးတို့ဖြင့်၊ ပဇ္ဇလိတံ-လွန်ကဲညည်းဆဲနှိပ်စက်၍ နေထသော၊ သံသာရဘယ်-ချားရဟတ် ပမာချာချာပတ်၍တစ်ဖြစ်တည်းဖြစ်၍နေသော သံသရာဘေးကြီးကို ဩော်. . . ဦးသန်းမောင်တို့ ဒေါ်ကောက်တို့ ဘယ်ကလာသတုံးလို့မေးလို့ရှိရင်ဖြင့် ပဋိသန္ဓေကလာတယ်၊ ပဋိသန္ဓေကနေဘယ်သွားပါလိမ့် အိုရာသွားတယ်၊အိုရာက ဘယ်သွားသတုံး၊နာရာသွား၊ နာရာကဘယ်သွားသတုံး၊ သေရာသွား၊ သေရာကဘယ်သွားတုံး ဆိုတော့ ပဋိသန္ဓေ ပြန်ဦးတိုက်တယ်. . . (မှန်ပါဘုရား)၊ ပဋိသန္ဓေပြန်ဦးတိုက်တော့ ဒီလမ်းပဲပြန်လျှောက်နေတယ်၊ဒီလမ်းကလာတယ်၊ ဒီလမ်းပဲပြန်လျှောက်နေတယ်။

အင်း. . . သံသရာတစ်ခုလုံးတော့ဖြင့် ဘယ်လိုများနေခဲ့ကြသတုံးမေးတဲ့အခါ ဒီလမ်းကလာ ဒီလမ်းပြန်ရောက်တာပါပဲ. . . (မှန်ပါဘုရား)၊ အသေရှိတဲ့နေရာကထသွား ပြန်တော့ အသေရှိတဲ့နေရာပြန်ရောက်တာပါပဲ၊ အအိုရှိတဲ့ နေရာကထသွားပြန်တော့. . . (အအိုရှိတဲ့နေရာပြန်ပြီး ရောက်ပါတယ်ဘုရား)၊အနာရှိတဲ့နေရာကထပြီး သွားလိုက်ပြန်တော့. . . (အနာရှိတဲ့နေရာပြန်ရောက်ပါတယ်ဘုရား)။

## ဝိပဿနာဉာဏ်နဲ့လှူဒါန်းပါ၏

ဩော်. . . ဒါဖြင့်တပည့်တော်တို့ ဤကဲ့သို့ ဒုက္ခလေးချက် စက်လှည့်နေတဲ့ခန္ဓာကိုယ်ကြီးကို ဒုက္ခတို့ကိုသိမ်းလိုသောဉာဏ်နဲ့၊ ဤဒုက္ခစက်ကြီးကို ဖြတ်လိုသောဉာဏ်၊ မဂ်ဉာဏ်နှင့် ဒုက္ခဖြတ်လိုသောဉာဏ်ရှိသည်ဖြစ်ပါ၍ ဤဇရပ်ကျောင်းကို၊ ပြည်ရွှေဆံတော်မှာရှိတဲ့ ဇရပ်ကိုလည်းကောင်း၊ ကံမမြို့မှာရှိတဲ့ဇရပ်ကိုလည်းကောင်း၊အင်း. . . ပုပ္ပါးမှာရှိတဲ့ဇရပ်ကိုလည်းကောင်း သံသရာဖြတ်ခြင်း၊ သံသရာရွံခြင်း၊ မုန်းခြင်းကြောင့် သံသရာဖြတ်လိုတဲ့ဉာဏ်နဲ့ ဝိပဿနာဉာဏ်တွေနဲ့ လှူဒါန်းပါ၏။

"သံသာရဘယံ-ချားရဟတ်ပမာချာချာပတ်၍ တစ်ဖြစ်တည်းဖြစ်၍နေသောသံသရာဘေးကြီးကို၊ ဘီတာ-အလွန်တရာကြောက်ကြပါကုန်သည်ဖြစ်၍ ဉာဏ်ကြောက်လို့မှတ်လိုက်. . . (မှန်ပါဘုရား)၊ တတော-ထိုသံသရာဘေးများမှ၊ မုတ္တာ-ကင်းလွတ်ရပါကုန်သည်ဖြစ်၍၊ နိဗ္ဗာနံ-နိဗ္ဗာန်ချမ်းသာမြတ်ကြီးကိုဆောလျင်၊ သစ္ဆိကရဏ ကာရဏံ/ ဌာယ-မကြာမတင်ဆောလျင် ကူးမြောက်အသော့ရောက်၍ မျက်မှောက် ပြုပါရခြင်းအကျိုးငှာ၊ဉာဏစက္ခု-ဉာဏ်ပညာစက္ခုဖြင့်၊ ဂဝေသန္တော-ရှာမှီး ကြည့်ရှုတော်မူသည်ရှိသော်၊ ဘိက္ခဝေ-သံသရာဘေးဘယတွေး ဆရှုမျှော်လေ့ရှိကြကုန်သော သူတော်ကောင်းအပေါင်းတို့၊ ဘုရားကခေါ်လိုက်တာ၊ ပုညံ-မင်းတို့ပြုတဲ့ကုသိုလ်ကောင်းမှုဟူသမျှသည်၊ သုခံ-လူ၊နတ်၊နိဗ္ဗာန်သုံးတန်သော

ချမ်းသာကြီးကို၊ ဇနေတိ-ငါဘုရားသခင်ကိုယ်တော် မြတ်ကြီး အနေအားဖြင့်ဖြစ်စေ၏"။

## ကိုယ်ကရွေးတတ်ရမယ်

ဩော်. . . ခင်ဗျားတို့ လှူတဲ့အလှူဟာ လူချမ်းသာလည်း ပေးနိုင်မယ်တဲ့၊ နတ်ချမ်းသာလည်းပေးနိုင်မယ်တဲ့၊ နိဗ္ဗာန်ချမ်း သာလည်းပေးနိုင်တယ်၊ ထိုသို့ပင်ပေးနိုင်ငြားသော်လည်း ဒါက သူ့အကြောင်းနဲ့သူ့အကျိုးကတော့ ဦးသံဒိုင်တားလို့မရဘူး ပေးမှာ. . . (မှန်ပါဘုရား)၊ သို့သော် ကိုယ်ကရွေးတတ်ရမယ်၊ အကျိုးကပေးပေမယ့်ရွေးရမယ်။ ပဲပင်တွေပဲခင်းထဲမှာအကျိုးပေး လိုက်တာ၊ပဲပင်တွေကလည်းသန်လိုက်တာ၊ ပဲစေ့တွေကလည်း များလိုက်တာ၊ ရွေးယူတော့ပဲအပင်ယူကြမလား၊ ပဲစေ့ရွေးယူရမှာ လား. . . (ပဲစေ့ယူရမှာပါဘုရား)၊ ပဲပင်ယူလို့ရှိရင်ဖြင့်ဘာမှ ရောင်းစားလို့မရဘူး နွားစာဖြစ်မှာ၊ ပဲစေ့ရွေးယူလို့ရှိရင်ဖြင့်ပဲပင် ထက် အဆပေါင်းများစွာတန်တဲ့ ရွှေ၊ ငွေ၊ ရတနာကျောက်သံ ပတ္တမြားနဲ့လဲလှယ်နိုင်တယ်။

## နိဗ္ဗာန်ချမ်းသာသည်သာ သုခသစ္စာ

ထို့အတူပဲတဲ့ ဒါနကတော့ဖြင့် နိဗ္ဗာန်ကိုလည်း ပေး နိုင်တယ်၊ လူချမ်းသာ နတ်ချမ်းသာကိုလည်း. . . (ပေးနိုင် ပါတယ်ဘုရား)၊ အဲဒါဦးသန်းမောင်တို့က အခုဆရာကောင်း

တပည့်ဖြစ်တော့ လူချမ်းသာကဒုက္ခသစ္စာ၊ နတ်ချမ်းသာ-ဒုက္ခသစ္စာ၊ နိဗ္ဗာန်ချမ်းသာသည်သာ သုခသစ္စာဖြစ်သော ကြောင့် တပည့်တော်တို့ဆရာသမား၏ ဉာဏ်အကူအညီနဲ့ နိရောဓ သစ္စာ တစ်ခုကိုသာလျှင်ရည်မှန်း၍ ဤဇရပ်တွေကို စတုဒိသာ သံဃိက အဖြစ်နဲ့လှူကြခြင်းဖြစ်ပါ၏ဘုရား။

"ဘိက္ခဝေ-သံသရာဘေးဘယ၊ တွေးဆရှုမျှော်ရှိကြ ကုန်သောသူတော်ကောင်းအပေါင်းတို့၊ ပုည-ကောင်းမှု ကုသိုလ် ဟူသမျှသည်၊ သုခ-လူ၊နတ်၊နိဗ္ဗာန်၊သုံးတန်သော ချမ်းသာကြီးကို ဇနေတိ-ဖြစ်စေတတ်၏။ ဣတိ-ဤသို့၊ ဝုတ္တံ-သုံးလူ့ဆရာစော သတ္တာသည်ကောင်းစွာဟောကြား အပ်သောစကားရပ်ကို၊ မနသိကတွာ-နှစ်လုံးနှစ်ခြိုက် ပိုက်မိကြကုန်သည်ဖြစ်၍၊ တိသရဏေန-သရဏဂုံသုံးပါး နှင့်၊ သဟ-တကွ၊ ပဥ္စသီလာနိ အင်္ဂါငါးပါးနှင့်ပြည့်စုံသော သီလတော်မြတ်ကြီးကို သမာဒိယိတွာ-ဂဏှိတွာ ကောင်း စွာခံယူဆောက်တည်ပြီး၍၊ ဣမာနိဒေယျ-ဒါတဗ္ဗဝတ္ထုနိ ဤဇရပ်နဲ့ပတ်သက်သောလှူဖွယ် တန်းဖွယ်အစရှိသည်တို့ကို၊ သံဃဿ-သံဃာတော်များအား ယထာဥဒိဋ္ဌ မိမိပင့်ထားတဲ့အတိုင်း ဒေမ-မအိုမသေအမြဲ နေသော နိဗ္ဗာန်ကိုရောက် လိုသောမဂ်ဉာဏ်နှင့်နိဗ္ဗာန်ကိုရောက် လိုသောဆန္ဒပြင်းပြပြီးသကာလ ဉာဏ်ဦးစီး၍ လှူဒါန်းပါ ၏". . . (မှန်ပါဘုရား)၊ သဘောကျသွားပြီ. . . (ကျပါတယ် ဘုရား)။

## သစ္စာမြင်ပြီးလှူတဲ့အလှူ

သစ္စာမြင်ပြီးလှူတဲ့အလှူဖြစ်လေသောကြောင့် ဝိဝဋ္ဋ အလှူစစ်လို့မှတ်လိုက်၊နိဗ္ဗာန်မှတစ်ပါးဘယ်မှအကောက် အကွေ့ မသွားဘဲနဲ့ အဖြောင့်သွားသာသွားတော့မယ်လို့ ဒေါ်ကောက်တို့ ရော ဦးသန်းမောင်ရော သားတွေသမီးတွေရော အကုန်မှတ် ဖို့ပဲ. . . (မှန်လှပါဘုရား)၊ ကိုင်း. . . ဒါဖြင့်သစ္စာမြင်တဲ့ဉာဏ်နဲ့ လှူလိုက်တော့ကံကအကျိုး ပေးပေး၊ ဘယ်ကအကျိုးပေးပေး၊ ကျုပ်တို့ကအရွေးတတ် သွားပြီ. . . (မှန်ပါဘုရား)၊ အရွေးတတ် သွားပြီ။

သူကတော့ပေးမှာပဲတဲ့သစ်ပင်စိုက်လိုက်တယ် ဆိုလို့ ရှိရင်ဖြင့် အကိုင်းလည်းပါမှာပဲ၊ အရွက်လည်းပါမှာပဲ၊ အပွေး လည်းပါမှာပဲ၊ အသီးလည်းပါမှာပဲ၊ ရွေးတတ်တဲ့ပုဂ္ဂိုလ် အသီးရမှာပဲ. . . (မှန်လှပါဘုရား)၊ မရွေးတတ်တဲ့ပုဂ္ဂိုလ် အကိုင်း နဲ့အပွေးထမ်းပြန်ကြမှာပဲ. . . (မှန်ပါဘုရား)၊ဒါဖြင့် ဒါနက သံသရာရှည်တာလား၊ အရွေးမတတ်လို့ရှည်တာလား. . . (အရွေးမတတ်လို့ရှည်တာပါဘုရား)၊ ဒါကို ဦးသံဒိုင် သေချာ မှတ်. . . (မှန်ပါ)၊ ဦးသန်းမောင် သေသေချာချာမှတ်. . . (မှန်ပါ)။

## လူနတ်ချမ်းသာဒုက္ခသစ္စာမလိုချင်ပါ

မသိသောပုဂ္ဂိုလ်က ဒါနသံသရာရှည်တယ်ကွာ၊ အိုး. . . ကိုယ့်ဉာဏ်မပါလို့ သစ္စာဉာဏ်မပါလို့ မရွေးတတ်တာ. . . (မှန်လှပါဘုရား)၊ ရွေးတတ်တဲ့ပုဂ္ဂိုလ်ကျလာတော့ကိုတဲ့ လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ပေးတတ်နိုင်ငြားလည်း ဒါနပင်ဖြစ်လင့်ကစား၊ လူချမ်းသာ ဒုက္ခသစ္စာ မလိုချင်ပါ၊ နတ်ချမ်းသာ ဒုက္ခသစ္စာမလိုချင်ပါ၊ နိဗ္ဗာန် ချမ်းသာသုခသစ္စာသာ လိုချင်ပါသည်. . . (မှန်ပါဘုရား)။

အဲဒီလို စိတ်ထားပြောင်းပြီးသကာလ နိဗ္ဗာန်ချမ်းသာ တစ်ခုကိုသာအလိုရှိသည်ဖြစ်၍ ဤဇရပ်သုံးခုအား တပည့်တော်တို့ မီးထဲကဆွဲထုတ်လို့ရတဲ့ပစ္စည်းနဲ့ ရင်းနှီးပြီးသကာလ နိဗ္ဗာန်ချမ်းသာကြီး လဲလှယ်တဲ့ကိစ္စ ရေစက်ချပွဲလုပ်ပါ၏. . . (မှန်ပါဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ ဘုရား)။

ကိုင်း. . . "ဣမံ သာလာယံ- ဤပုပ္ပါးတောင်၌ဖြစ်တဲ့ဇရပ်ကို လည်းကောင်း၊ ဣမံ သာလာယံ- ရွှေဆံတော်၌ရှိတဲ့ဇရပ်ကြီးကို လည်းကောင်း၊ နယ်ကလေး ကံမမြို့၌ တည်နေသော သာလာယံ- ဇရပ်ကိုလည်းကောင်း၊ ဒေမ- တပည့်တော်တို့အ ကြင်လင်မယား သားသမီးနှင့်တကွ အလုံးစုံသောပုဂ္ဂိုလ်တို့သည် ချမ်းသာအစစ်နိဗ္ဗာန်အဖြစ်ကို သာလျှင်ရခြင်း၊ ရောက်ခြင်း၊ မှန်းခြင်း၊ ငြီးငွေ့ခြင်း၊ ကေန် ဒုက္ခသစ္စာသိသည်

ဖြစ်ပါ၍ ဒုက္ခတည်းဟူသော သစ္စာနဲ့ရင်းနှီးပြီးသကာလ သုခတည်းဟူသော နိဗ္ဗာန်ကိုရလိုသော ဆန္ဒပြင်းပြပြီးသကာလ တပည့်တော်တို့လျှောက်ထားပါ၏"။

## ဒုက္ခနှင့်သုခလဲယူရ

ဒါအားလုံး သားတွေ သမီးတွေကောလျှောက်ပြီးပြီ ကဲ. . . ဒါဖြင့် "ဘန္တေ-အရှင်ဘုရား၊ မယံ-ကျွန်ုပ်တို့သည်၊ ဣမိနာဒါနပုညေန-ဤကဲ့သို့ပေးလှူရသောကုသိုလ်ကံ စေတနာကြောင့် လည်းကောင်း၊ဣမိနာသီလပုညေန-ဤကဲ့သို့ ဆောက်တည်ရသောသီလကုသိုလ်ကံစေတနာကြောင့် လည်းကောင်း၊ အညေဟိ-တစ်ပါးကုန်သော၊ ပုညေဟိစ- ယခု လှူဒါန်းရသော ဒုက္ခနဲ့သုခလဲယူရသော ကုသိုလ်ကံစေတနာကြောင့်လည်းကောင်း၊မယံ-တပည့်တော်၊တပည့်တော်မတို့သည် အဇာတိ-ပဋိသန္ဓေမနေရာ စင်စစ်ဖြစ်သော၊ အဇရံ၊ မအိုရာစင်စစ်ဖြစ်သော၊ အမတံ-မသေရာစင်စစ်ဖြစ်သော၊ သီဝံ-ဇာတိဇရာ ဗျာဓိမရဏစသည်ထောင်သောင်းဘေးအပေါင်း တို့၏ ကောင်းကောင်းကြီးငြိမ်းချမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကြီး ကို ဣစ္ဆိတဝရေန-အလိုရှိအပ် တောင့်တအပ်သောဆုမြတ် အပေါင်းနှင့်၊သစ္ဆိကရေးယျာမ-မငြိမငြင် ဆောလျင်ကူးမြောက် အသော့ရောက်၍ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

(က)

## အဂ္ဂမဟာပဏ္ဍိတ
## မိုးကုတ်ဆရာတော်ဘုရားကြီးအပေါ်
## ကျေးဇူးရှင်မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏
## သဘောထားမှတ်ချက်

၁။ ကောဇာသက္ကရာဇ် ၁၃၃၇ ခု၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့ (၁၉၆၇ ခု၊ မတ်လ)ညတွင် ရန်ကုန်မြို့သာသနာ့ရိပ်သာ ဖန်ယဉ်ဓမ္မာရုံကြီး၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်ကျေးဇူးရှင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါသည်။

မန္တလေးမှာ ဘုန်းကြီးများနဲ့ ရင်းနှီးတဲ့ ဒကာတစ်ယောက်နဲ့ စကားပြောကြတဲ့အခါကျတော့ - ဆရာတော်တဲ့၊ တပည့်တော် တရားပွဲစုံစုံရောက်ဖူးတယ်တဲ့၊ ပြောစမ်းပါဗျာ ဘယ်တရားပွဲတွေလဲ?။

ဟာ . . . ဆရာကြီး ဦးလှသိန်းတရားပွဲကိုလည်း ရောက်တယ်၊ ဘာတွေတွေ့သတုံးဗျာ . . . ? ဟာ . . . ပရိသတ်ကတော့၊ ပြ(၄)ပြလောက် ပရိသတ်ကိုတွေ့တယ်၊ ပြီးတော့ကောဗျာ . . . ?

(ခ)

ပြီးတော့ ဝိဇ္ဇောဒရဆရာတော်တို့ အနီးစခန်း ဆရာတော်တို့ တရားပွဲတွေ တပည့်တော်ရောက်တယ်၊ အဲ့ဒီကျ တော့ မဏ္ဍပ်တစ်လုံးပဲ၊ မဏ္ဍပ်လျှံရုံပဲရှိတယ်။ ပြီးတော့ ကောဗျာ . . . ?

အဲဒီတုန်းကတော့၊ မိုးကုတ်ဆရာတော်က မန္တလေးမှာ စခါစရှိသေးတယ်၊ မိုးကုတ်ဆရာတော်ရဲ့ တရားပွဲကို အောင်တော်မူမှာတပည့်တော်သွားပြီး တရားနာတယ်ဘုရားတဲ့၊ (၁၅)ယောက်၊ အယောက်(၂၀)လောက်ပဲရှိတယ်။

ပြီးတော့ကော ကိုခင်မောင်လို့ ဆိုတော့၊ တပည့်တော် အဲ့ဒီလောက်ပဲ ရောက်ဖူးတယ်တဲ့၊ ပြီးပြီလား . . . ?၊ ပြီးပါပြီ ဘုရားတဲ့။

အေး. . . ကောင်းပြီ၊ ဆရာကြီးဦးလှသိန်းက တရားဟော လိုက်တယ်ဆိုရင် ပရိသတ်ရဲ့ အကဲကိုတယ်ပြီးသိတာကိုး၊ ဒီပရိသတ်ခြောက်သွေ့နေတယ်ဆိုရင်၊ ဒီကနေပြီးတော့ ဓမ္မသံဝေဂ လေးချိုးကြီးများ ရွတ်ပြီးတော့ ပေးလိုက်တဲ့အခါ ကျတော့၊ ဟို . . . ရုပ်ရှင်သွားမယ့်လူတွေရော၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲသွားမယ့်လူတွေရော၊ သူတို့နားထောင်ချင်တာ၊ ဒီမှာ ရှိတယ်ထင်ပြီးတော့၊ အဲ့ဒီ (၄)ပြပေါက်လောက်ရှိလာတာပဲဗျ။

တရားပွဲပြီးတဲ့အခါကျတော့၊ ရုပ်ရှင်သွားမယ့်လူတွေက လည်း၊ နောက်ရုပ်ရှင်သွားမြဲသွားတယ်၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ ကိုလည်း သွားမြဲသွားတယ်။

(၈)

တရားနာရကောင်းစေလို့၊ သိလာတဲ့လူ၊ မဏ္ဍပ်တစ်လုံး စာကတော့ ဝိဇ္ဇောစာရ ဆရာတော်တို့၊ အနီးစခမ်း ဆရာတော် တို့ ၊ ဘုန်းကြီးတို့တရားပွဲတွေမှာ နာတာပေါ့။

အဲ့ဒီတရားပွဲမှာလည်း၊ ဘုန်းကြီးတွေက အလှူဆိုအလှူ ပွဲနဲ့တန်အောင် ဥပုသ်ဆို ဥပုသ်တရားနဲ့တန်အောင် သင့်လျော် အောင် တရားတွေ ရွေးပေးပြီးတော့ အမျိုးမျိုးဟောရတယ်။

တရားနာတဲ့ပရိသတ်က၊ ဟာ . . . တို့တော့တရားအား ထုတ်မှဖြစ်မယ် ဒီတော့တရားသက်သက်ကို အားထုတ်ချင် တယ်ဆိုတော့၊ ထိုထိုကမ္မဋ္ဌာန်းဌာနတွေ၊ ရိပ်သာတွေမှာသွားပြီး တရားအားထုတ်ကြလို့၊ မဏ္ဍပ်ကြီး တစ်လုံးထဲက ဆန်ခါတင် လူတစ်ရာလောက်ပေါ့ဗျာ၊ အဲ့ဒီလိုရိပ်သာသွားကြတယ်။

တစ်ခါရိပ်သာကျပြန်တော့လည်းပဲ၊ ကျင့်စဉ်အတိုင်း ကျင့်လို့ ပြီးပြီဆိုတော့၊ ဈေးရောင်းတဲ့ပုဂ္ဂိုလ်ကလည်း ဈေးပြန်ပြီး ရောင်း၊ ပုတီးလေးနဲ့ပေါ့။

သို့သော် တချို့ကတော့၊ ဈေးကိုမရောင်းချင်တော့ဘူး၊ တစ်ခါတည်းဆက်ပြီးတော့ တရားနဲ့ပဲ၊ နှလုံးသွင်းချင်တဲ့ ပုဂ္ဂိုလ် က ဘယ်သွားပြန်သတုံးဆိုတော့ ဆရာတော်ဦးဝိမလဆီသွား တာပေါ့၊ အဲဒီလို (၁၅)ဦး၊ ဦး(၂၀)ဖြစ်တာပေါ့။

သို့သော် ကိုခင်မောင်ကို ဘုန်းကြီးပြောချင်တယ်ဆိုတော့ . . . ဘယ်လိုတုံးဘုရားတဲ့။

(ဃ)

အေး . . . စာပေ ပရိယတ္တိနဲ့ နေကြတဲ့ မိုးကုတ်ဆရာတော်ဦးဝိမလတို့ နှလုံးသွင်းပုံဟာ၊ အဲဒီပရိသတ်ကို ဟောတဲ့ တရားအထက်နားမှာ၊ တစ်ထွာလောက်၌ ရှိတယ်လို့ မှတ်ပြီး ထားစေချင်တယ်။

ဆရာတော်ဘာပြောတာလည်းဘုရား . . ?၊ ဟ . . စာပေနဲ့နေတဲ့ပုဂ္ဂိုလ်များက တရားနှလုံးသွင်းတယ်ဆိုတာဟာ အခုပြောသလိုပဲ ကမ္မဋ္ဌာန်းစီးဖြန်းတော့ . . . စက္ခုံအနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံမမ၊ နေသောဟသ္မိ၊ နမေသောအတ္တာ၊ သောတံကာယံ ဇိဝှာယော မနောအနိစ္စော ဒုက္ခော၊ အနတ္တာ နေတံမမ နေသောဟသ္မိ၊ နမေသောအတ္တာ၊ (မိုးကုတ်ဆရာတော် ဦးဝိမလက) ပါဠိကိုသိသကိုးဗျ . . . ။

ဒီလိုသိတော့ သူက ပါဠိက ရွတ်လို့လည်းပဲ၊ သဘာဝဝိယုတ္တိဆိုတာ အရသာတစ်မျိုးရှိတယ်၊ ဓမ္မပီတိလည်းဖြစ်တယ်၊ ဒီဓမ္မရသအတ္တရသ ပါဠိကပိုပြီး အရသာပေါ်တယ်။

အဲဒါကြောင့် စာချတဲ့ဆရာတော်တွေ နှလုံးသွင်းတာက ဆရာတော်ဦးဝိမလက လူတွေကို နှလုံးသွင်းခိုင်းတာရဲ့ အထက်နားတစ်ထွာလောက်မှာ ရှိတယ်၊ မိုးကုတ်ဆရာတော်က။

၂။ ကောဇာသက္ကရာဇ် ၁၃၃၉ ခု၊ နယုန်လပြည့်ကျော် (၁၃)ရက် (၁၃-၆-၁၉၇၇) တနင်္လာနေ့ ည(၇)နာရီတွင် ကြို့ပင်ကောက်မြို့၊ မဟာလောကသိရီဘုရားကြီး သံတန်ဆောင်းအတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ ကျေးဇူးရှင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါတယ်။

တရားနာပရိသတ်က အကြိုက်(၅)မျိုးရှိကြတယ်၊ ဘယ်သူတွေလည်းဆိုတော့။

၁။ သဒ္ဒပသန္နဆိုတာ အသံကောင်းတာကိုမှကြည်ညိုတာ၊ အသံနေအသံထားကြည်ညိုတဲ့ ပရိသတ်ပေါ့။ နိဗ္ဗာန်မင်္ဂဖိုလ်တော့၊ မရနိုင်ပါဘူး။

၂။ ရူပ ပသန္နဆိုတာ ရုပ်ရေအဆင်းကိုကြည်ညိုတာ၊ ဓမ္မကထိက ကိုယ်တော်ရဲ့ ရုပ်ဆင်းအင်္ဂါ၊ ဥပဓိရှိတာကိုကြည်ညိုတဲ့ပရိသတ်၊ သူလည်းမင်္ဂဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၃။ ဂုဏပသန္နဆိုတာ ဂုဏ်ရှိတဲ့ ဓမ္မကထိကကိုမှကြည်ညိုတာ၊ ဘုန်းကြီးကိုပဲ ဆိုကြပါစို့၊ ဒီဘုန်းကြီးက တိပိဋကဓရတဲ့၊ အင်မတန်ဂုဏ်ရှိတယ်ဆိုပြီး ကြည်ညိုတဲ့ပရိသတ်၊ ဒီပရိသတ်မျိုးလည်း မင်္ဂဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၄။ လူခ ပသန္နဆိုတာ ခြိုးခြိုးခြံခြံ အကျင့်ရှိသူကိုမှ ရွေးပြီး

ကြည်ညိုတာ၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ဘူး။
၅။ ဓမ္မပသန္နဆိုတာ တရားဓမ္မသက်သက်ကို ကြည်ညိုတာ။ အဲ့ဒါမျိုးကျတော့ အသံကိုလည်း ပဓာနမထား၊ ရုပ်အဆင်းကိုလည်းမကြည့်၊ ဂုဏ်ကိုလည်းမငဲ့၊ ခေါင်းခေါင်ပါးပါးအကျင့်ကိုလည်း ဂရုမစိုက် ဓမ္မသက်သက်ကိုသာ ကြည်ညိုတဲ့ပရိသတ်မျိုး၊

အဲ့ဒီပရိသတ်မျိုးသာလျှင် ဒီဘဝမှာ တရားထူးရနိုင်တယ်တဲ့။

အဲဒီ ဓမ္မပသန္နပရိသတ်ဆိုတာကတော့ ဦးရေနည်းပါးလှပါတယ်။ အခုခေတ်ဥပမာပြရမယ်ဆိုရင် မိုးကုတ်တရားနာပရိသတ်တို့ကိုပဲပြရမှာပဲ။

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၊ အဲဒီဆရာတော်ကြီး ဟောပြတဲ့ ဓမ္မတို့ကတော့၊ အလွန်အင်မတန်မှ ပီသလှပါပေတယ်၊ တစ်ထိုင်တည်းနဲ့ နိဗ္ဗာန်အရောက် ဦးတည် ပို့ပေးနိုင်တဲ့တရားတော်များလည်းဖြစ်ပါတယ်။

အဲဒီတရားတော်များကို ကြည်ညိုတဲ့ ပရိသတ်မျိုးမှပဲ ဓမ္မပသန္နပရိသတ်မျိုးလို့ ချီးကျူးကြရမှာပဲ။

ပြီးတော့ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလဟောတဲ့တရားတော်များကလည်း။ ဘုန်းကြီးတို့ရဲ့ ခေါင်းပေါ်နှစ်တောင်လောက်ကျော်ပြီးသွားတဲ့တရားများ။

ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့ အခုပိဋကတ်သုံးပုံကို ဆောင်နိုင်နေတယ်၊ သိနေတယ်ဆိုတာက ဘယ်စာမျက်နှာ

မှာ ဘယ်အကြောင်းအရာတွေပါတယ်ဆိုတာ မှတ်ထားတာ သညာနဲ့ မှတ်တာပေါ့။

မိုးကုတ်ဆရာတော်ကြီးကတော့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ပညာဉာဏ်နဲ့ ထိုးဖောက်ပြီး သိတာ၊ ပညာသိ၊ သိတာ။

၃။ ၁၉၈၂ ခုနှစ်ခန့်က မြစ်ဝကျွန်းပေါ်ဟသ်ာတမြို့၌ ကျွန်တော်တာဝန်ကျစဉ် ဆန်စက်ပိုင်ရှင်တစ်ဦးသည် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး ကြွရောက်လာသောအခါ ဆရာတော်အား မေးခွန်းတစ်ပုဒ်မေးမြန်းလျှောက်ထားခဲ့ပါသည်။

**အမေး** "အရှင်ဘုရား မိုးကုတ်ဆရာတော်ကြီး မြန်မာလို ဟောကြားထားသော တရားတော်များသည် မြတ်စွာဘုရား ဟောကြားသော တရားတော်စစ်စစ်ဟုတ်ပါရဲ့လားဘုရား"ဟု လျှောက်ထားပါသည်။

**အဖြေ** မင်းကွန်းဆရာတော်ဘုရားက ဖြေကြားတော်မူသည်မှာ "ဒကာကြီး မိုးကုတ်ဆရာတော်ဦးဝိမလဟောကြားထားသော တရားတော်များထဲမှ ဒကာကြီး သံသယရှိတဲ့၊ မမှန်ကန်ဘူးလို့ ထင်တဲ့တရားတော်ကို ရွတ်ပြပါတဲ့ . . . ?။ ဘုန်းကြီးက ဘုရားဟောတရားတော် ပါဠိတော်၊ စစ်စစ်ဖြစ်

ကြောင်း ကျမ်းဂန်အကိုးအကားထုတ်ပြပါ့မယ့်" ဟု ဖြေကြားတော်မူခဲ့ပါသည်။

## ၄။ မိုးကုတ်ဆရာတော်ဘုရား၏ ဆုံးမစကား

မိုးကုတ်မြို့တွင် မိုးကုတ်ဆရာတော်ဘုရားသီတင်းသုံးနေစဉ်၊ မန္တလေးမြို့ ရဟန်းပျိုအဖွဲ့မှ သံဃာတော်တချို့ မိုးကုတ်မြို့သို့ ကြွလာကြပြီး ကန့်ကွက်ဆန္ဒပြကြပါသည်။ ထိုအခါ မိုးကုတ်မြို့သူမြို့သားများက မခံမရပ်နိုင်ဖြစ်နေကြသဖြင့် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးဦးမြင့်နာယက၊ ကျောင်းအစ်မကြီးဒေါ်သန်းသန်းတို့က ဆရာတော်ထံလျှောက်ထားရာ၊ ဆရာတော်ဘုရားက ဒီကိစ္စမင်းတို့လုပ်တာလား၊ သူတို့လုပ်တာလားလို့မေးရာ၊ သူတို့လုပ်တာပါဘုရားဟု ဖြေကြားပါသည်။

ထိုအခါဆရာတော်ဘုရားက မင်းတို့ဟာ သူများရဲ့ကုသိုလ်ကိုတော့ ကိုယ့်ကုသိုလ်ဖြစ်အောင် မယူတတ်ဘူး၊ သူများရဲ့ အကုသိုလ်ကို ကိုယ့်အကုသိုလ်ဖြစ်အောင်တော့ ယူတတ်တယ်၊ မင်းတို့ဟာ မင်းတို့နေတတ်အောင်နေပါ၊ ခင်းတို့နဲ့မဆိုင်ဘူး၊ ကိုယ့်အကုသိုလ်မဖြစ်စေနဲ့ဟု ဆုံးမစကားမိန့်ကြားတော်မူခဲ့ပါသည်။

သူတော်ကောင်းရတနာ (၇)ပါးပြည့်ဝကြပါစေ . . .

၁၂-၁၂-၂၀၀၄ ဆရာဦးစောလှိုင်

အတွင်းရေးမှူး